# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၁၁ ရက်၊ စနေနေ့၊ အတွဲ(၄၆)၊ အမှတ်(၄၂)


**ရွှေဟင်္သာဆရာတော်ဘုရားကြီး၏**
**ဆုံးမဩဝါဒ(၁)**

**အောင်မြင်ရေးတရား (၄)ပါး**

(၁) စိတ်ဆိုးသူအား မေတ္တာပွား မှတ်သားအောင်နိုင်ရာ။
(၂) မကောင်းသူအား စိတ်ကောင်းထား မှတ်သားအောင်နိုင်ရာ။
(၃) စဉ်းလဲသူအား(မေတ္တာ)ပေးကမ်းငြား မှတ်သားအောင်နိုင်ရာ။
(၄) မုသားစကား၊ မှန်စကား ပြောကြားအောင်နိုင်ရာ။ ။

(သာသနာရေး)

# အမျိုးသားညီလာခံစုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဆက်လက်ကျင်းပ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနှင့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ် သီချင်းနှင့်မြို့တော်အခန်းတို့အတွက် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ရှင်းလင်းဖတ်ကြား




**ရန်ကုန် နိုဝင်ဘာ ၁၀**

အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ယနေ့နံနက် ၈နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနှင့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်များကို လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က အသီးသီး ရှင်းလင်းဖတ်ကြား တင်ပြကြသည်။

**တက်ရောက်**

အဆိုပါ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် “ဝ”အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား လူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊


စာမျက်နှာ ၃ ကော်လံ ၁




**အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် သဘာပတိအဖြစ် ဆောင်ရွက်စဉ်။**

(သတင်းစဉ်)

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်)

# အသင်းကြီး၏ ရည်မှန်းချက်များ အောင်မြင်ရေး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်

နိုင်ငံတော်တွင် ယနေ့ကာလ၌ နိုင်ငံရေးတည်ငြိမ်မှု အခြေအနေကောင်း၊ အမျိုးသား စည်းလုံးညီညွတ်မှု အခြေခံကောင်း၊ စီးပွားရေး အခြေခံကောင်း၊ လူမှုရေး အခြေခံကောင်းများ တိုးတက်ရရှိနေပြီ ဖြစ်သည်။

ထိုအခြေခံကောင်းများအပေါ်၌ အခြေပြုလျက် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းရေးအတွက် အစီအစဉ်ကျနသည့် နိုင်ငံရေးလုပ်ငန်းစဉ်များကို ချမှတ်အကောင်အထည်ဖော်လျက် ရှိသည်။

ဤသို့သော အခြေခံကောင်း၊ အခြေအနေကောင်းများ ရရှိနေချိန်တွင် အမျိုးသားရေး အင်အားစုကြီးဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ အသင်းဝင် အသင်းသားများသည် တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများ ထိထိရောက်ရောက်၊ ဟန်ချက်ညီညီ ဆက်လက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက် ရှိကြသည်။

ထိုသို့ ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရန်လည်း နိုင်ငံတော်အနေဖြင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား သင်တန်းအမျိုးမျိုးပေး၍ အတွေ့အကြုံများ ရင့်ကျက်သည်ထက် ရင့်ကျက်အောင် စနစ်တကျလေ့ကျင့် ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

အသင်းကြီး၏ အနာဂတ်အလားအလာကို ပိုမိုထွန်းလင်းတောက်ပလာရေးနှင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် ပိုမိုသယ်ပိုးနိုင်ရေးအတွက် အသင်းဝင်များအနေဖြင့် စည်းရုံးရေးစွမ်းရည် အမြဲမြင့်မားနေစေရန်၊ အရည်အချင်းပြည့်ဝသော အသင်းဝင်များဖြစ်လာစေရန် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာတွင် အသင်းဝင်များအနေဖြင့် အသင်းကြီး၏ ရည်မှန်းချက်များ အောင်မြင်ရေး၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးပြုပြင်ပြောင်းလဲမှု လုပ်ငန်းစဉ်များ ပြီးမြောက်အောင်မြင်ရေး၊ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းရေးတို့အတွက် နိုင်ငံတော်နှင့်အတူ စနစ်တကျ အောင်မြင်စွာ ပူးပေါင်းပါဝင် အကောင်အထည်ဖော်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နိုင်ဂျီးရီးယားနှင့် တရုတ်နိုင်ငံတို့ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်ကြမည်

ပေကျင်း နိုဝင်ဘာ ၁၀

**တရုတ်နိုင်ငံသည် နိုင်ဂျီးရီးယား နိုင်ငံနှင့်အတူ ခရီးသွားလုပ်ငန်းကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပြီး ယဉ်ကျေးမှုနှင့် ပညာရေးကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က အလည်အပတ် ရောက်ရှိနေသော နိုင်ဂျီးရီးယားသမ္မတ အိုလူစီဂမ်အိုဘာဆမ်ချိုနှင့် ပေကျင်းမြို့တွင် နိုဝင်ဘာ ၃ ရက်၌ တွေ့ဆုံစဉ် ပြောကြားလိုက်သည်။**

### များပြားလာ

တရုတ်နိုင်ငံမှ ခရီးသွားများအတွက် အာဖရိကတွင် ခရီးသွားလာနိုင်သည့် နိုင်ငံအရေအတွက် များပြားလာလျက်ရှိရာ ကင်ညာ၊ တန်ဇန်းနီးယား၊ ဇင်ဘာဘွေ၊ တူးနစ်၊ အီသီယိုးပီးယား၊ ဇမ်ဘီယာ၊ နမီးဘီးယား၊ ရဝမ်ဒါ၊ နိုင်ဂျီးရီးယားနှင့် ကင်မရွန်းနိုင်ငံတို့ အပါအဝင် အနည်းဆုံးနိုင်ငံ ၂၀ ခန့် ရှိလာပြီဖြစ်သည်။

### ဆွေးနွေး

တရုတ်သမ္မတ ဟူကျင်တောင်နှင့် နိုင်ဂျီးရီးယားသမ္မတ အိုဘာဆမ်ချိုတို့ တွေ့ဆုံဆွေးနွေးရာတွင် နှစ်နိုင်ငံအနေဖြင့် စွမ်းအင်၊ ဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံများတွင်လည်း စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေးခဲ့ကြသည်။

### ဆက်လက်ပြုလုပ်

နိုင်ဂျီးရီးယားသမ္မတ အိုဘာဆမ်ချိုက တရုတ်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ဂျီးရီးယားနိုင်ငံသည် စီးပွားရေးနှင့် လူမှုရေးဆိုင်ရာများတွင် တိုးတက်လာခဲ့ကြောင်း အဓိကကျသော နယ်ပယ်အားလုံးတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

တရုတ်နှင့် နိုင်ဂျီးရီးယားနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးကို ၁၉၇၁ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှ စတင်ထူထောင်ခဲ့သည်။

နိုင်ဂျီးရီးယားသမ္မတ အိုဘာဆမ်ချိုသည် ၂၀၀၅ ခုနှစ်ကလည်း တရုတ်နိုင်ငံသို့ အလည်အပတ်ခရီး ရောက်ရှိခဲ့သည်။ နှစ်နိုင်ငံကုန်သွယ်ရေး ပမာဏမှာ အမေရိကန်ဒေါ်လာ၂ ဒသမ ၈၃ ဘီလီယံရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# အီရတ်တစ်ဦးအား သတ်မှု အပြစ်ရှိကြောင်း ကန်တပ်ဖွဲ့ဝင်ဝန်ခံ

**ပင်ဒယ်တန်စခန်း နိုဝင်ဘာ ၁၀**

အမေရိကန် မရိန်းတပ်ဖွဲ့မှ ဒုတပ်ကြပ် တိုင်လာဂျက်ဆင်က မိမိသည် အီရတ်အမျိုးသားတစ်ဦးအား ပစ်သတ်ခဲ့ကြောင်း၊ ၎င်းအားသတ်ဖြတ်ရန် ခိုင်လုံသည့် အကြောင်းရှိသည်ဟု လိမ်ပြောရန် တပ်ဖွဲ့ဝင်များ သဘောတူခဲ့ကြကြောင်း စစ်တရားရုံးတွင် နိုဝင်ဘာ ၆ ရက်က ဝန်ခံလိုက်သည်။

### ပြောကြား

ထိုသို့လိမ်ပြောရန် အားလုံးက နှုတ်ဖြင့် သဘောတူကြကြောင်းဖြင့် ဆန်တီယာဂို မြောက်ဘက် မရိန်းတပ်ဖွဲ့ ဌာနချုပ်တည်ရှိရာ ပင်ဒယ်တန်စခန်း စစ်တရားရုံးတွင် ဒုတပ်ကြပ်ဂျက်ဆင်က ထွက်ဆိုခဲ့သည်။

ဒုတပ်ကြပ် ဂျက်ဆင်သည် ထောင်ဒဏ် ၁၅ နှစ်အထိ ကျခံရဖွယ်ရှိသည်။ သူသည် အီရတ်အမျိုးသားတစ်ဦးအား သတ်မှုနှင့် စပ်လျဉ်း၍ အပြစ်ရှိကြောင်း ဝန်ခံသည့် တတိယမြောက် မရိန်းတပ်ဖွဲ့ဝင်ဖြစ်သည်။

**အမ်အင်အေ၊ရိုက်တာ**

# စမ်းချောင်းလမ်း ၁၀ ရက် တရားစခန်းဖွင့်မည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင်သမထဝိပဿနာ အကျင့်မြတ် အလုပ်တရားတော်ကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက နိုဝင်ဘာ ၁၅ ရက်မှ ၂၄ ရက်အထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ နေ့စဉ် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆို လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။

(က–ပ)

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

**လစဉ် လ၏ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။**

**၂၀၀၆ခုနှစ် နိုဝင်ဘာလအတွက်**
**(၁၂–၁၁–၂၀၀၆) ရက်နေ့နှင့်**
**(၂၆–၁၁–၂၀၀၆) ရက်နေ့**

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ ခုနှစ်**
**တန်ဆောင်မုန်းလပြည့်ကျော် ၇ ရက်**
**(အဖိတ်နေ့)**
**၁၁–၁၁–၂၀၀၆ ရက် (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ ရန်ကုန်တိုင်း ပေါင်းလင်း (ငမိုးရိပ်ရေကူ)ရေလှောင်တမံ
၈:၁၅ ၇။ တေးဂီတအစီအစဉ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၃:၄၀ ၅။ ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁၃:၅၀ ၆။ **“ကိုယ်ချင်းစာ”** ပြေတီဦး၊ ခင်ဇာခြည်ကျော် (ဒါရိုက်တာ–ဦးခင်ဇော်)
၁၄:၂၀ ၇။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
၁၄:၃၅ ၈။ **“သတိနဲ့ယှဉ် အသိနဲ့ပြင်” အပိုင်း (၂)** ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၄:၄၅ ၉။ International News
၁၅:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ English For Everyday Use
၁၆:၄၀ ၄။ တေးဂီတအစီအစဉ်
၁၆:၅၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဒဿနိကဗေဒ အထူးပြု) [ဒဿနိကဗေဒ]
၁၇:၀၀ ၆။ အဆိုပြိုင်ပွဲ
၁၇:၀၅ ၇။ နားဝင်ပီယံသူ့လက်သံ
၁၇:၁၀ ၈။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၁၇:၂၀ ၉။ တေးဂီတအစီအစဉ်
၁၇:၃၀ ၁၀။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၇:၅၀ ၁၁။ ဝန်ဖိုက်ချောင်းတံတား
၁၈:၀၀ ၁၂။ ညနေခင်းသတင်း
၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၄။ အလှရှာမယ် လှကမ္ဘာဝယ်
၁၉:၀၀ ၁၅။ Discovery
၁၉:၁၀ ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ဟောမန်ဆောင်းရဲ့ နေ့ရက်များ”** (အပိုင်း–၂၃)
၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ နိုင်ငံခြားဇာတ်လမ်းတွဲ **“မေတ္တာပန်းတိုင်”** (အပိုင်း–၃၅)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။

## မြဝတီရုပ်မြင်သံကြား

**၁၁–၁၁–၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၁၅ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဆရာတော် ဦးဃောသိတ တရားတော် **“သခ်တမှ အသခ်တသို့”**

**နေ့လယ်ပိုင်း**

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂:၃၀ ၅။ ရုပ်မြင်ဇာတ်လမ်း **“အိမ်နီးချင်း”** ကျော်ဟိန်း၊ မေသဥ္ဇာဦး **ဒါရိုက်တာ–**မောင်အောင် (ရူပဗေဒ)
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၄:၃၅ ၄။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၃၅ ၅။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၆။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၇။ နိုင်ငံတကာသတင်း
၆:၂၀ ၈။ မိုးလေဝသသတင်း
၆:၂၅ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၀။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၀ ၁၁။ လျှပ်တစ်ပြက်
၇:၀၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“လျှို့ဝှက်ချက်”** (အပိုင်း–၃၂)
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၅။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၆။ English Premier League ဘောလုံးပွဲ Chelsea Vs Watfort

❐ **ရှေ့ဖုံးမှ**

ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူ လယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ် သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်း ရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ဥပဒေဘောင် အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃)၊ရှမ်းပြည်နယ် (အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၅)၊ ရှမ်းပြည်နယ် (တောင်ပိုင်း)အထူးဒေသ (၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ်အထူးဒေသ(၂)၊ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသား တိုးတက်ရေး ပါတီ(KNPP) (ဟိုယာ)၊ ကရင်နီ အမျိုးသား စည်းလုံးညီညွတ်ရေးပါတီ(ကမစည)၊တိုးတက်သော ဗုဒ္ဓဘာသာကရင်အမျိုးသား အစည်းအရုံး(DKBA)၊ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်ပြည်နယ်အဖွဲ့)၊ရခိုင်တပ်မတော် (AA)အဖွဲ့၊ ဟိုမိန်းဒေသဖွံ့ဖြိုးရေးနှင့် သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA)အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)နှင့် မွန်နိုင်စိုက်ချမ်းအဖွဲ့ တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌနိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး



**အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။** (သတင်းစဉ်)



**အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။** (သတင်းစဉ်)

သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီ အသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ် ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ်အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

**အစည်းအဝေးစတင်**

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသား ညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၀၈၀ ရှိပြီး ညီလာခံ ကိုယ်စားလှယ် ၁၀၇၁ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၁၇ ရှိ၍ အမျိုးသား ညီလာခံစုံညီ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်ခြင်း အခန်းအတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ရှင်းလင်း ပြောကြားသည်။

**(အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်များကို သီးခြားဖော်ပြထားပါသည်။)**

ထို့နောက်နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်က ဖတ်ကြားတင်ပြပြီး အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၉ နာရီ ၅ မိနစ်တွင် ရပ်နားလိုက်သည်။

**(အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ ဖတ်ကြားတင်ပြချက်များကို သီးခြားဖော်ပြထားပါသည်။)**

အမျိုးသားညီလာခံစုံညီ အစည်းအဝေးကို နိုဝင်ဘာ ၁၃ရက်(တနင်္လာနေ့) နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

# ပို့ဆောင်ရေးဆိုင်ရာဝန်ကြီးအဆင့်အစည်းအဝေးတက်ရောက်ရန် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ကိုရီးယားသမ္မတနိုင်ငံသို့ထွက်ခွာ

နေပြည်တော် နိုဝင်ဘာ ၁၀

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်အောင်မင်းသည် ကိုရီးယား သမ္မတနိုင်ငံဘူဆန်မြို့၌ နိုဝင်ဘာ ၁၀ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် Ministerial Conference on Transport အစည်းအဝေးသို့ တက်ရောက်ရန် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။**

**ပို့ဆောင်နှုတ်ဆက်**

ဝန်ကြီးဗိုလ်ချုပ်အောင်မင်းအား ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ကျန်းမာရေး ဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် အတူ ပို့ဆောင်ရေး ဝန်ကြီးဌာန ပို့ဆောင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူး(မြို့ပြ) ဦးခင်မောင်နှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မြင့်တို့လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၁-၁၁-၂၀၀၆ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | စွယ်တော်လေးဆူဆုပန်ယူ |
| ၇း၂၀ | တေးဂီတအစီအစဉ် |
| ၇း၂၅ | တစ်ပတ်အတွင်းအားကစားသတင်း |
| ၇း၄၀ | တေးဂီတအစီအစဉ် |
| ၇း၄၅ | ပြည်သူ့အတွက်ကျန်းမာရေး (ခါးနာရောဂါအကြောင်းမေးမြန်းခန်း) (ဒေါက်တာချစ်စိုး) |
| ၈း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၈း၁၀ | တေးဂီတအစီအစဉ် |
| ၈း၁၅ | နိုင်ငံတကာအနုပညာရေးရာ |
| ၈း၃၅ | မိုးလေဝသခန့်မှန်းချက် |
| ၈း၄၀ | ဆီထွက်သီးနှံများထဲမှ "ဆီအုန်း" |
| ၈း၅၅ | တေးဂီတအစီအစဉ် |
| ၉း၀၀ | အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ (အနီရောင်မျက်စောင်း) |
| ၉း၂၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၃၀ | သီချင်းကောင်းကောင်း သီချင်းတောင်း |
| ၉း၅၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | သာသနာ့အနွယ်ဝင်သီလရှင် |
| ၁၀း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၂၅ | ယဉ်ကျေးမှုတက္ကသိုလ် (သဘင်ပညာဌာန) |
| ၁၀း၃၅ | တေးဂီတအစီအစဉ် |
| ၁၀း၄၀ | ယနေ့သိပ္ပံနှင့် နည်းပညာ |
| ၁၀း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀း၅၅ | ဆန်းသစ်လှပ ရော်ဘာရွက်ပန်းအလှ |
| ၁၁း၁၀ | တေးဂီတအစီအစဉ် |
| ၁၁း၁၅ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၁၁း၂၅ | တေးဂီတအစီအစဉ် |
| ၁၁း၃၀ | သံပုံထောင်းခြင်းဆိုင်ရာ နည်းပညာ |
| ၁၁း၄၅ | တေးဂီတအစီအစဉ် |
| ၁၁း၅၀ | အနုပညာရပ်ဝန်းမှ ပွဲတင်သံ များ (ရှင်ဖုန်းရဲ့ ရင်ခုန်မိသူ တေးစီးရီးမိတ်ဆက်ပွဲ) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**English Premier League ဘောလုံးပွဲစဉ်များ**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၀၀ | ပွဲကြိုသုံးသပ်ချက်(၁) | 5-Sports |
| ၆း၃၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports(Live) |
| ၇း၁၀ | Man City-Newcastle | 5-Sports(Live) |
| ၉း၂၅ | Everton-Aston Villa | 5-Sports(Live) |
| | Chelsea-Westford | 5-Series(Live) |
| | Sheffield-Bolton | 5-Cartoon(Live) |
| ၁၁း၄၀ | Blackburn-Man Utd | 5-Series(Live) |
| ၁၂း၀၀ | Postsmouth-Fulham | 5-Sports(SDD) |

**Series-A ဘောလုံးပွဲစဉ်**

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | AC Milan-Roma | 5-Sports(Live) |

# အထက(၂)စမ်းချောင်း ယခင်စိန့်ဖလိုမီနာ အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

စိန့်ဖလိုမီနာ အထက(၂) စမ်းချောင်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၆၀ အထက် ဆရာမကြီးများအား ကျောင်းသူဟောင်းများက ပူဇော်ဂါရဝပြုမည့် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီ၌ အထက(၂)စမ်းချောင်း စံပယ်ခန်းမဆောင်တွင် ကျင်းပမည်ဖြစ်သည်။

အသေးစိတ်သိရှိလိုသူများနှင့် အလှူငွေများကိုအထက(၂)စမ်းချောင်း ဖုန်း-၅၃၅၀၅၄ ၊ ၅၃၅၄၉၇၊ ဒေါ်ကြူကြူဌေး ဖုန်း-၅၀၁၆၇၃၊ ဒေါ်ချိုချို ဖုန်း-၅၀၀၇၀၀၊ ဒေါ်တင်မာငြိမ်း ဖုန်း-၀၉-၅၀-၀၇၃၆၆၊ ဒေါ်ခင်မလေး ဖုန်း-၆၄၂၈၃၅၊ ဒေါ်ခင်လေးမွန် ဖုန်း-၅၃၆၆၆၈ နှင့် ဒေါ်ဆွေဇင်ထိုက် ဖုန်း-၅၂၆၀၉၆ တို့သို့ ဆက်သွယ်မေးမြန်း လှူဒါန်းနိုင်ကြောင်းနှင့် ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။ **(မြန်မာ့အလင်း)**

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တင်သွင်းသော အဆိုပြုချက်ကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်
# အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါရှိစေရ
# ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်



ရန်ကုန် နိုဝင်ဘာ ၁၀

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် စခန်း၌ ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၁၀ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးအောင်တိုး၏ ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်-**

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား-**

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာမှာ အခန်းတစ်ခန်းအဖြစ်ပါဝင်မယ့်"ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း"နဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြလိုပါတယ်။

နိုင်ငံတစ်နိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲပြဋ္ဌာန်းပြီးတဲ့နောက် အခြေအနေနဲ့ အချိန်ကာလအလျောက် ပြင်ဆင်ဖို့လိုအပ်လာရင် ပြင်ဆင်ပေးရမှာဖြစ်ပါတယ်။ ဒီလိုပြင်ဆင်ခြင်းနဲ့ စပ်လျဉ်းပြီး ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေတွေကို လေ့လာကြည့်ရာမှာ နည်းလမ်းနှစ်သွယ်နဲ့ ပြင်ဆင်လေ့ရှိကြတာ တွေ့ရှိရပါတယ်။ ပထမနည်းလမ်းက ဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ် အားလုံးရဲ့ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ သုံးပုံနှစ်ပုံကဖြစ်စေ ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ပြင်ဆင်တဲ့ နည်းလမ်းဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကဖြစ်စေ၊ သုံးပုံနှစ်ပုံကဖြစ်စေ သဘောတူလက်ခံပြီး ပြင်ဆင်ခြင်းဖြစ်ပါတယ်။ အဲဒီလို ပြင်ဆင်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သီးခြားအခန်းဖြင့် ပြဋ္ဌာန်းထားလေ့ရှိတာလဲ လေ့လာတွေ့ရှိရပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့တွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနဲ့စပ်လျဉ်းပြီး သီးခြားအခန်းဖြင့် ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့အကြောင်း ပေါ်ပေါက်လာရင် မည်သည့်နည်းလမ်းဖြင့် ပြင်ဆင်ရမယ်ဆိုတာ သတ်မှတ်ထားဖို့ လိုပါတယ်။ အဲဒီလို ပြင်ဆင်ဖို့နည်းလမ်း သတ်မှတ်ရာမှာ ဥပဒေကြမ်းအဖြစ် အဆိုပြုတင်သွင်းစေသင့်ပြီး ယင်းဥပဒေကြမ်းတွင် အခြားအဆိုပြုချက်များ မပါရှိစေဘဲ ပြင်ဆင်လိုသည့် ပြဋ္ဌာန်းချက်များကိုသာ ထည့်သွင်းဖော်ပြဖို့ သတ်မှတ်ထားသင့်ပါတယ်။

ဒီအချက်နဲ့စပ်လျဉ်းပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ပုဒ်မ ၂၀၈တွင်-

"(၁) ဤအခြေခံဥပဒေကို ပြင်ရန်တင်သွင်းသောအဆိုကို ဥပဒေကြမ်းအဖြစ် တင်သွင်းရမည်။ ထိုဥပဒေကြမ်းကို ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြင်ရန် ဥပဒေကြမ်းဟူ၍ ဖော်ပြရမည်။

(၂) ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုပြင်ရန် အဆိုတစ်ခုသော်လည်းကောင်း၊ အများသော်လည်းကောင်း ပါဝင်သော ဥပဒေကြမ်းတွင် အခြားအဆိုများမပါရ"

လို့ ဖော်ပြထားတာ တွေ့ရှိရပါတယ်။

ဒါ့ကြောင့်-

**"ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက အောက်ဖော်ပြပါ သတ်မှတ်ထားသော နည်းလမ်းအတိုင်းဆောင်ရွက်ရမည်-**

**(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တင်သွင်းသောအဆိုပြုချက်ကို ဥပဒေမူကြမ်းအဖြစ် တင်သွင်းရမည်၊**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါရှိစေရ"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုတယ်ဆိုရင် ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်ဖြစ်ကြောင်း အသေးစိတ်အခြေခံရမယ့်မူချမှတ်ဖို့ အထက်မှာ ကျွန်တော်တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလိုတင်သွင်းမယ့် ဥပဒေမူကြမ်းကို မည်သည့်လွှတ်တော်က စတင်ပြီး တင်သွင်းရမယ်ဆိုတာ သတ်မှတ်ထားဖို့ လိုပါတယ်။ နိုင်ငံအချို့မှာ လွှတ်တော်နှစ်ရပ်အနက် မည်သည့်လွှတ်တော်မှာ စတင်တင်သွင်းရမယ်လို့ အတိအကျ သတ်မှတ်ထားလေ့ရှိပါတယ်။ ၁၉၄၇ခုနှစ် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၀၉(၁)တွင် "ထိုကဲ့သို့သော ဥပဒေကြမ်းကို ပါလီမန်ဆိုင်ရာ လွှတ်တော်တစ်ရပ်ရပ်၌ စတင်တင်သွင်းနိုင်သည်"လို့ ပြဋ္ဌာန်းပြီး လွှတ်တော်တစ်ရပ်တည်းသာရှိတဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ၁၉၄တွင်-

"(ဂ) ဤဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ရန်အဆိုကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်သို့ တင်ပြနိုင်သည်။



**ရှင်းလင်းပြောကြား**

**အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရန်အဆိုကို ပြည်သူ့ကောင်စီများက တင်ပြသည့်အခါ အောက်မှအထက်သို့ အဆင့်ဆင့်တင်ပြ၍ နောက်ဆုံး၌ ပြည်သူ့လွှတ်တော်သို့ တင်ပြရမည်"

လို့ ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

နောင်ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဟူ၍ လွှတ်တော်နှစ်ရပ်ရှိပြီး ယင်းလွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုလွှတ်တော်လို့ခေါ်ပြီး အဲဒီပြည်ထောင်စုလွှတ်တော်ကသာ ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းသွားမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်-

**"ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုရင် ဥပဒေမူကြမ်းအဖြစ်ဖြင့် ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်းရမှာဖြစ်ကြောင်း ကျွန်တော်အထက်မှာ ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီလို ပြင်ဆင်ချက်ဥပဒေမူကြမ်းကို တင်သွင်းတဲ့အခါ ပြည်ထောင်စုလွှတ်တော်သို့ တိုက်ရိုက်တင်သွင်းခွင့် မပြုသင့်ဘဲ ပြဋ္ဌာန်းချက် တစ်ရပ်သတ်မှတ်ထားပြီး အဲဒီပြဋ္ဌာန်းချက်နဲ့ကိုက်ညီမှ တင်သွင်းရမယ်လို့ သတ်မှတ်ထားသင့်ပါတယ်။

ဒီအချက်နဲ့ စပ်လျဉ်းပြီး ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပုဒ်မ ၂၀၉(၂)မှာ "ထိုဥပဒေကြမ်းကို ပါလီမန်ဆိုင်ရာ လွှတ်တော်အသီးသီးက အတည်ပြုပြီးနောက် လွှတ်တော်နှစ်ရပ်လုံးကပင် တွဲဖက်အစည်းအဝေး၌ စဉ်းစားဆွေးနွေးရမည်"လို့ ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။ ထိုဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ ပြင်ဆင်ချက်ဥပဒေမူကြမ်းကို လွှတ်တော်တစ်ရပ်ရပ်မှာ စတင်တင်သွင်းနိုင်တာကြောင့် စတင်တင်သွင်းတဲ့ လွှတ်တော်က အတည်ပြုပြီးမှ လွှတ်တော်နှစ်ရပ်ပေါင်း အစည်းအဝေးမှာ စဉ်းစားဆွေးနွေးရမယ်လို့ သတ်မှတ်ထားတာ ဖြစ်ပါတယ်။ ကျွန်တော်အထက်မှာ တင်ပြခဲ့တဲ့ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမယ့်မူတွင် ပြင်ဆင်ချက်ဥပဒေမူကြမ်းကို ပြည်ထောင်စု လွှတ်တော်သို့သာ တင်သွင်းနိုင်တဲ့ သဘောဖြစ်တာကြောင့် ဒီလိုမတင်သွင်းမီ ပြည်ထောင်စုလွှတ်တော်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးအနက် စုစုပေါင်းရဲ့ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြမှသာ ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးဖို့ သတ်မှတ်ထားသင့်ပါတယ်။

ဒါ့ကြောင့်-

**"ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါ ပြင်ဆင်ချက် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ဖို့အတွက် ပြင်ဆင်ချက်ဥပဒေမူကြမ်း တင်သွင်းရမယ့် နည်းလမ်းတွေနဲ့စပ်လျဉ်းပြီး ကျွန်တော်အထက်မှာ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ပါတယ်။ ယခု ဆက်လက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ မည်သည့် ပြဋ္ဌာန်းချက်များကို မည်သို့ ပြင်ဆင်ရမည်ဆိုတဲ့အချက်နဲ့စပ်လျဉ်းပြီး ရှင်းလင်းတင်ပြလိုပါတယ်။ ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာကြည့်တဲ့အခါ နိုင်ငံအချို့က ၎င်းတို့နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အဓိက ပြဋ္ဌာန်းချက်များကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်ပြီး ပြည်သူအများစု ရဲ့ဆန္ဒကို ရယူပြီးမှ ပြင်ဆင်နိုင်တယ်လို့ ပြဋ္ဌာန်းထားပြီး ပြဋ္ဌာန်းချက်အချို့ကို သက်ဆိုင်ရာ လွှတ်တော်မှာရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းရဲ့ သဘောတူညီချက်ရမှ ပြင်ဆင်နိုင်တယ်လို့ ပြဋ္ဌာန်းထားကြတာ တွေ့ရှိရပါတယ်။ အချို့ နိုင်ငံကတော့ ပြဋ္ဌာန်းချက်အချို့ကို လွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ အချိုးကျဆန္ဒမဲဖြင့် ပြင်ဆင်နိုင်ကြောင်း ပြဋ္ဌာန်းထားတာတွေ့ရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေတွင် လွှတ်တော်နှစ်ရပ်၏ လက်ရှိအမတ်များအနက် သုံးပုံနှစ်ပုံအောက် မလျော့သော အမတ်များက တွဲဖက်အစည်းအဝေးတွင် ထောက်ခံ၍ မဲပေးမှသာလျှင် ထိုဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက အတည်ပြုသည်ဟု မှတ်ယူရမယ်လို့ ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပြီး ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင်မူ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ခြင်းနဲ့ စပ်လျဉ်းပြီး သီးခြားအခန်း တစ်ခန်းဖြင့် ဖော်ပြထားတာ တွေ့ရှိရပါတယ်။ အဲဒီအခန်းမှာ အဓိကကျသည့် ပုဒ်မများကို ပြင်ဆင်ရန်ရှိလျှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းက ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟုလည်းကောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားတာ တွေ့ရှိရပါတယ်။

အထက်မှာတင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များအရ ဖွဲ့စည်းပုံအခြေခံဥပဒေတွေထဲမှာ ပြင်ဆင်ရမယ့် ပြဋ္ဌာန်းချက်တွေကို သက်ဆိုင်ရာအခန်း၊ ပုဒ်မတွေနဲ့ ခွဲခြားပြီး ဖော်ပြထားကြောင်း တွေ့ရှိရပါတယ်။ ဒီလိုဖွဲ့စည်းပုံအခြေခံဥပဒေပါ အခန်းပုဒ်မတွေနဲ့ ခွဲခြားဖော်ပြမှသာ မည်သည့်အခန်း၊ မည်သည့်ပုဒ်မများကို မည်သည့်နည်းလမ်းဖြင့် ပြင်ဆင်ရမယ်ဆိုတာ ရှင်းလင်းလွယ်ကူစွာ သိရှိနိုင်မှာ ဖြစ်ပါတယ်။ ဒီလိုဖော်ပြနိုင်ဖို့ဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲတဲ့ အခါကျမှသာ အတိအကျအသေးစိတ် ဖော်ပြသွားနိုင်မှာဖြစ်ပါတယ်။ ယခုအဆင့်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းရေးဆွဲနိုင်ဖို့အတွက် အသေးစိတ်အခြေခံရမယ့်မူများ ချမှတ်နေတာဖြစ်လို့ အခန်းအလိုက်၊ ပုဒ်မအလိုက်ဖော်ပြရန် အခြေအနေမရှိသေးဟု သဘောရရှိပါတယ်။

ဒါ့ကြောင့် ယခုအသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရာတွင် ချမှတ်ထားပြီးဖြစ်တဲ့ အခန်းအလိုက်ခေါင်းစဉ်များအပေါ် အခြေပြု၍ မည်သည့်အခန်းကို မည်သည့်နည်းလမ်းဖြင့် ပြင်ဆင်နိုင်တယ်လို့ သတ်မှတ်ဖော်ပြသင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲတဲ့အခါကျမှ ပြင်ဆင်ရာတွင် လိုက်နာရမယ့်နည်းလမ်း၊ အခန်းနဲ့ပုဒ်မများကို အသေးစိတ်ဖော်ပြပြီး ပြဋ္ဌာန်းမှသာ ရှင်းလင်းလွယ်ကူမှာဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။

ဒါ့ကြောင့်-

**"(က) ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမယ့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်၊**

**(ခ) အပိုဒ်(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်၊**

**(ဂ) အပိုဒ်(က)ပါ အခန်းများနှင့်သက်ဆိုင် အကျုံးဝင်မည့်ပုဒ်မများကို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲသည့်အခါ ထည့်သွင်း ပြဋ္ဌာန်းရမည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန်သင့်၊ မသင့်ဆွေးနွေးအကြံပြုဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား-**

ကျွန်တော်တင်ပြခဲ့တဲ့ လေ့လာတွေ့ရှိချက်များနဲ့ သုံးသပ်ချက်များအပေါ် အခြေပြုပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနဲ့ စပ်လျဉ်းလို့ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါတယ်-

**၁။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက အောက်ဖော်ပြပါ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်-**

**(က) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် တင်သွင်းသော အဆိုပြုချက်ကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်၊**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါရှိစေရ။**

**၂။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်။**

**၃။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း၏နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါ ပြင်ဆင်ချက်ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်။**

*စာမျက်နှာ ၆ ကော်လံ ၅*

11-11 (04) 1 11/11/06, 1:27 PM

# နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည် နိုင်ငံတော်အစိုးရ ဗဟိုရုံးများရုံးစိုက်ထားရာ နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်




ရန်ကုန် နိုဝင်ဘာ ၁၀

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင် စခန်း၌ ၂၀၀၆ခုနှစ် နိုဝင်ဘာ ၁၀ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်း ဖြစ်သည်–**

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ကျွန်တော် ယခု ရှင်းလင်းတင်ပြမှာကတော့ အမျိုးသားညီလာခံက သတ်မှတ်ထားရှိပြီဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိမယ့် အခန်းအလိုက် ခေါင်းစဉ်များအနက် "နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်း"အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများ ဖြစ်ပါတယ်။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်တဲ့ နိုင်ငံတိုင်းမှာ နိုင်ငံတော်အလံ၊ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်၊ နိုင်ငံတော်သီချင်းနဲ့ မြို့တော်များကို သတ်မှတ်ထားလေ့ရှိကြပါတယ်။ အဲဒီလို သတ်မှတ်တဲ့နေရာမှာလဲ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြပြဋ္ဌာန်းကြတဲ့ နိုင်ငံများရှိကြသလို ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေပြဋ္ဌာန်းပြီး ဆောင်ရွက်ကြတဲ့နိုင်ငံများလဲ ရှိကြတာကို လေ့လာတွေ့ရှိရပါတယ်။

ရှေးဦးစွာ နိုင်ငံတော်အလံနဲ့စပ်လျဉ်းပြီး ရှင်းလင်းပြောကြားရမယ်ဆိုရင် နိုင်ငံတော်အလံကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဖော်ပြပြဋ္ဌာန်းတဲ့အခါ နိုင်ငံတော်အလံကို မည်သို့မည်ပုံသတ်မှတ်ရန် ကိစ္စကိုသာ အဓိကထားပြီး ပြဋ္ဌာန်းလေ့ရှိကြပါတယ်။ နိုင်ငံတော်အလံနဲ့ စပ်လျဉ်းပြီး အသုံးပြုကြရာမှာ လိုက်နာရမယ့် အချက်တွေ၊ ရှောင်ကြဉ်ရမယ့်အချက်တွေနဲ့ အဲဒီလို ရှောင်ရမယ့်အချက်၊ လိုက်နာရမယ့်အချက်စတာတွေကို ဖောက်ဖျက်ကျူးလွန်ရင် ချမှတ်ခံရမယ့် ပြစ်ဒဏ် အနည်းအများကိုတော့ ဥပဒေပြုလွှတ်တော်များက သီးခြားဥပဒေပြဋ္ဌာန်းထားလေ့ရှိတာကို လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံတော်အလံကို သတ်မှတ်ကြရာမှာလဲ သက်ဆိုင်ရာနိုင်ငံများအနေနဲ့ မိမိတို့ရဲ့ နိုင်ငံမှာ ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်းကို အဓိကအခြေခံထားရှိပြီး သတ်မှတ်ပေးလေ့ရှိကြပါတယ်။ နိုင်ငံတော်အလံမှာ ဖော်ပြပါရှိတဲ့ အရောင်တွေကတော့ အများအားဖြင့် အဖြူရောင်၊ အနီရောင်၊ အပြာရောင်၊ အစိမ်းရောင်၊ အဝါရောင်၊ လိမ္မော်ရောင် စသည့်အရောင်တွေအနက် မိမိတို့နိုင်ငံရဲ့ သမိုင်းကြောင်းအရ လိုက်ဖက်ညီမယ့်အရောင်များကို သတ်မှတ်လေ့ရှိကြပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၅မှာ နိုင်ငံတော်အလံနဲ့ စပ်လျဉ်းပြီး နိုင်ငံတော်အလံ၏ အရွယ်အစားနဲ့ တကွ ပါရှိရမယ့် အရောင်စသည့် အသေးစိတ်အချက်အလက်များကို အောက်ပါအတိုင်းပြဋ္ဌာန်းထားရှိပါတယ်–

> "နိုင်ငံတော်အလံ၏ပုံမှာ ထောင့်မှန်စတုဂံပုံ ဖြစ်သည်။ အလံမှာ အနီရောင်ခံဖြစ်၍ လက်ဝဲဘက်အထက်ထောင့်၌ အပြာရင့်အခန်းဖွင့်ပြီးလျှင် ထိုအပြာရင့်အခန်းအလယ်တွင် ရောင်ခြည်လက်ငါးခုရှိသော ကြယ်ဖြူကြီးတစ်ပွင့်ထားရှိသည်။ ထိုကြယ်ဖြူကြီး၏ ရောင်ခြည်လက်များအကြားတွင် ရောင်ခြည်လက်ငါးခုစီရှိသော ကြယ်ဖြူငယ်ငါးပွင့်ကို တစ်ပွင့်စီ သွင်းရံထားရမည်။ ကြယ်ဖြူကြီးနှင့်တကွ သွင်းရံထားသော ကြယ်ငယ်များ၏ ရောင်ခြည်လက်များအနက် တစ်ခုစီသည် အလံ၏ အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။ အလံတစ်ခုလုံး၏ အတိုင်းအတာမှာ အလျား ကိုးပေ၊ အနံ ငါးပေ၊ အပြာရင့်အခန်းမှာ အလျား လေးပေ၊ အနံ နှစ်ပေ ခြောက်လက်မ၊ ကြယ်ကြီးအတွက် ထောင့်စွန်းများကို ဆက်၍ ဆွဲထားသော စက်ဝိုင်း၏ အချင်းမှာ ၁၈ လက်မ၊ ကြယ်ငယ်အတွက် ကိုးလက်မဖြစ်သည်။ အလံ၏အရွယ်မှာ ကြီး၊ ငယ်မဟူ ထိုအချိုးအစားအတိုင်း ကိုက်ညီနိုင်သမျှ ကိုက်ညီရမည်။"

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာလို ဖော်ပြခြင်းမပြုဘဲ ပုဒ်မ ၁၉၀မှာ "နိုင်ငံတော်အလံသည် အောက်မှာဖော်ပြထားသည့်အတိုင်း ဖြစ်သည်"လို့ ပြဋ္ဌာန်းထားရှိပြီး အလံတော်ရဲ့ ပုံသဏ္ဌာန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေမှာပင် ဖော်ပြထားရှိတာတွေ့ရှိရပါတယ်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်လုံးမှာ အသုံးပြုထားတဲ့ အရောင်တွေကတော့ အနီရောင်၊ အဖြူရောင်နဲ့ အပြာရောင်များဖြစ်ကြောင်း တွေ့ရှိရပါတယ်။ အနီရောင်ရဲ့ သဘောသဘာဝဟာ ရဲရင့်ပြတ်သားခြင်း၊ အဖြူရောင်ကတော့ သန့်ရှင်းစင်ကြယ်ခြင်း၊ အပြာရောင်ကတော့ ငြိမ်းချမ်းသာယာခြင်းနဲ့ တည်ကြည်ခြင်း သဘောကိုဆောင်တယ်လို့ ကျွန်တော်တို့ အစဉ်တစိုက် ယုံကြည်လက်ခံခဲ့ကြပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် နှစ်ကာလကြာရှည်စွာကပင် တိုင်းရင်းသားလူမျိုးများသည် အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာစုပေါင်းနေထိုင်ခဲ့ကြတဲ့ အလျောက် အမျိုးသားညီလာခံကလဲ နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်ဟူ၍လည်းကောင်း၊ နိုင်ငံတော်တွင်ပါဝင်သည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများစသည့် နိုင်ငံတော်၏နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမျှခွဲမထွက်ရဟူ၍လည်းကောင်း၊ အခြေခံရမည့်မူများချမှတ်ခဲ့ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ပြည်ထောင်စုသားအားလုံး ဥမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာနေထိုင်ကြသည့်အလျောက် ပြည်ထောင်စုနိုင်ငံတော်ကို ကိုယ်စားပြုသည့် ကြယ်ဖြူပွင့်ကြီးကို အထက်ဘက်သို့မတ်မတ်ညွှန်လျက် နိုင်ငံတော်အလံမှာ ဖော်ပြသင့်ပါတယ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်လျက် ရှိပါတယ်။ အဲဒီလိုစိုက်ပျိုးရေးကိုအခြေခံတဲ့တိုင်းပြည်ဖြစ်ပြီး အေးချမ်းသာယာ၍ စိမ်းလန်းစိုပြည်သောနိုင်ငံအဖြစ်ဖော်ညွှန်းတဲ့ အစိမ်းရောင်ကိုလည်း နိုင်ငံတော်အလံမှာဖော်ပြသင့်ပါတယ်။ ဒါ့အပြင် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ပြန်လည်စုစည်းခြင်းနဲ့ တိုင်းရင်းသားများအားလုံး ချစ်ခင်ရင်းနှီးညီညွတ်စွာစည်းစည်းလုံးလုံးရှိခြင်းတို့ကို အဓိပ္ပာယ်ဖော်ဆောင်တဲ့ အဝါရောင်ကိုလည်းဖော်ပြသင့်ပါတယ်။ အချို့နိုင်ငံများမှာ အဝါရောင်ကို မင်္ဂလာရှိသော တော်ဝင်အရောင်ဟု သတ်မှတ်ကြပါတယ်။ ထို့အပြင် ရဲရင့်ခြင်း၊ ပြတ်သားခြင်းဟူသော အဓိပ္ပာယ်ကိုဖော်ဆောင်တဲ့ အနီရောင်ကိုလည်း ဖော်ပြသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်အထက်တွင် ရှင်းလင်းတင်ပြခဲ့တဲ့ နိုင်ငံတော်အလံမှာဖော်ပြသင့်တဲ့ အရောင်များဖြစ်တဲ့ အစိမ်းရောင်၊ အဝါရောင်နဲ့ အနီရောင်သုံးမျိုးဟာ မိမိတို့နိုင်ငံရဲ့ သဘာဝအခြေအနေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုဖော်ဆောင်တဲ့အတွက် အဲဒီအရောင်သုံးမျိုးကို နိုင်ငံတော်အလံမှာ အလျားလိုက် အချိုးညီမျှစွာဖော်ပြသင့်ပါတယ်။ ထို့အပြင် ထိပ်ဆုံးအစိမ်းရောင်လက်ဝဲဘက်တွင် ပြည်ထောင်စုကိုကိုယ်စားပြုတဲ့ ကြယ်ဖြူပွင့်ကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက်ဖော်ပြသင့်ပါတယ်။ ဒါကြောင့် နိုင်ငံတော်အလံနဲ့စပ်လျဉ်းပြီး–

> **"၁။ နိုင်ငံတော်အလံကို အောက်ပါအတိုင်းသတ်မှတ်ရမည်–**
> **နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက်အချိုးညီစွာဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။**
> **၂။ နိုင်ငံတော်အလံနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်"**

လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူနဲ့စပ်လျဉ်းပြီး ဆက်လက်တင်ပြလိုပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ရှိခဲ့တဲ့ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့စပ်လျဉ်းတဲ့ပြဋ္ဌာန်းချက်မပါရှိသော်လည်း ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ပုံစံကိုဖော်ပြပြီး နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ဟာ ဖော်ပြပါပုံစံအတိုင်းဖြစ်တယ်လို့ပြဋ္ဌာန်းခဲ့တာကိုတွေ့ရှိရပါတယ်။

နိုင်ငံတကာမှာ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့စပ်လျဉ်းပြီး သတ်မှတ်ကြပုံကို လေ့လာတဲ့အခါမှာ အချို့နိုင်ငံများက ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အသေးစိတ် ထည့်သွင်းပြဋ္ဌာန်းကြတာ တွေ့ရပါတယ်။ နိုင်ငံအချို့ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာအသေးစိတ်ပြဋ္ဌာန်းခြင်းမပြုဘဲ ဥပဒေပြုလွှတ်တော်က ဥပဒေဖြင့် သတ်မှတ်ရမယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပြဋ္ဌာန်းတာကိုတွေ့ရပါတယ်။ အဲဒီလိုဥပဒေပြုလွှတ်တော်က နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်နဲ့ဆိုင်တဲ့ ဥပဒေကိုပြဋ္ဌာန်းတဲ့အခါမှာ သက်ဆိုင်ရာနိုင်ငံရဲ့သမိုင်းကြောင်း၊ နိုင်ငံရဲ့ယဉ်ကျေးမှု၊ နိုင်ငံနဲ့လူမျိုးရဲ့ထုံးတမ်းစဉ်လာများကို ထင်ဟပ်တဲ့ အထိမ်းအမှတ်တံဆိပ်ဖြစ်စေရမယ် စသည်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ သတ်မှတ်ချက်များ ထည့်သွင်းပြဋ္ဌာန်းကြတာကို တွေ့ရပါတယ်။ နိုင်ငံအချို့ကတော့ ဥပဒေပြုလွှတ်တော်က နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို ပြဋ္ဌာန်းပြီးတဲ့နောက် ပြည်သူ့ဆန္ဒခံယူပြီး အတည်ပြုရမယ်လို့ သတ်မှတ်တာကိုလည်း တွေ့ရပါတယ်။

အမျိုးသားညီလာခံက နိုင်ငံတော်နဲ့စပ်လျဉ်းတဲ့ အခြေခံရမယ့်မူများ ချမှတ်ရာမှာ "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာတည်သည်"ဆိုတဲ့ အခြေခံရမယ့်မူနဲ့ "နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်"ဆိုတဲ့ အခြေခံရမယ့်မူများ ပါရှိပါတယ်။ ဒါကြောင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်မှာ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ မြေပုံကို ထည့်သွင်းထားရှိသင့်ပါတယ်။

ထို့ပြင် နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်လို့ အမျိုးသားညီလာခံက အခြေခံမူချမှတ်ထားတာနဲ့အညီ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ရဲ့ အောက်ခြေပိုင်းမှာ "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်" ဆိုတဲ့ စာသားကို ထည့်သွင်းသင့်ပါတယ်။



ဖတ်ကြား တင်ပြ

**အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဒုတိယ ဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင် အမျိုးသား ညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်ကို ဖတ်ကြား တင်ပြစဉ်။**
(သတင်းစဉ်)

မိမိတို့ နိုင်ငံရဲ့လွတ်လပ်ရေးအတွက် ကိုလိုနီနယ်ချဲ့နဲ့ ဖက်ဆစ်တို့ကို ပြည်သူ့အင်အားနဲ့ တော်လှန်ခဲ့စဉ်က အသုံးပြုခဲ့တဲ့ ကြယ်ဖြူတစ်ပွင့်ကိုလည်း တော်လှန်ရေးအမှတ်အသားအဖြစ် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်မှာ ပါရှိသင့်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ နိုင်ငံတော်တံဆိပ်များမှာ အစဉ်အလာ အသုံးပြုခဲ့တဲ့ မြန်မာမှုလက်ရာ ကေသရာဇာခြင်္သေ့ပုံနဲ့ မြန်မာ့ရိုးရာ ကနုတ်ပန်းဖြင့် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ကို ခြယ်မှုန်းသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်ပုံကို ဖော်ပြပြီး–

> **"နိုင်ငံတော် အထိမ်းအမှတ် တံဆိပ်သည် အောက်ဖော်ပြပါအတိုင်း ဖြစ်သည်"**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုဖို့ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သီချင်းသတ်မှတ်ရေးအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြလိုပါတယ်။

၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမှာ နိုင်ငံတော်သီချင်းနဲ့ စပ်လျဉ်းပြီး ပြဋ္ဌာန်းချက်မတွေ့ရှိရပေမယ့် ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ နိုင်ငံတော်သီချင်းကို ပြည်သူ့လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းပေးရမယ်၊ နိုင်ငံတော်သီချင်းအသစ်ကို ပြည်သူ့လွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းခြင်းမပြုနိုင်မီ လက်ရှိနိုင်ငံတော်သီချင်းကို ဆက်လက်အသုံးပြုရမယ်လို့ ပြဋ္ဌာန်းခဲ့တာကို တွေ့ရပါတယ်။

၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲစဉ်က နိုင်ငံတော်သီချင်းအသစ်သတ်မှတ်ဖို့ သီချင်းပုဒ်ရေ ၁၅၀အထိ ဂီတပညာရှင်များရဲ့ အကူအညီနဲ့ စိစစ်ခဲ့ပေမယ့် ပြည်သူအများစုရဲ့ ဆန္ဒက လက်ရှိနိုင်ငံတော်သီချင်းကိုသာ နှစ်ခြိုက်လက်ခံကြတာကို လေ့လာတွေ့ရှိရကြောင်း၊ သီချင်းအသစ်များကို လက်ခံလိုခြင်းမရှိတာကို တွေ့ရကြောင်း၊ အဲဒီလို တွေ့ရှိရတဲ့အတွက် နောင်ပေါ်ပေါက်လာမယ့် ပြည်သူ့လွှတ်တော်က နိုင်ငံတော်သီချင်းကို သတ်မှတ်ပြဋ္ဌာန်းဖို့နဲ့ ပြည်သူ့လွှတ်တော်က ပြဋ္ဌာန်းခြင်းမပြုနိုင်မီ လက်ရှိနိုင်ငံတော်သီချင်းကို ဆက်လက်အသုံးပြုဖို့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းခဲ့ရကြောင်း လေ့လာတွေ့ရှိရပါတယ်။

ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ နိုင်ငံတော်သီချင်း သတ်မှတ်ပြဋ္ဌာန်းမှုနဲ့ စပ်လျဉ်း၍ လေ့လာတဲ့အခါ နိုင်ငံအများစုက မည်သည့်သီချင်းကို နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်ကြောင်း သီချင်းအမည်ကို ဖော်ပြပြဋ္ဌာန်းတာကို တွေ့ရပါတယ်။ နိုင်ငံတချို့ကတော့ ခုနှစ်၊ သက္ကရာဇ်တစ်ခုကိုဖော်ပြပြီး အဲဒီခုနှစ်မတိုင်မီက သတ်မှတ်ခဲ့တဲ့ သီချင်းကို နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်တယ်၊ ဘယ်ခုနှစ်က အမိန့်၊ ဒီကရီနဲ့ သတ်မှတ်ခဲ့တဲ့ သီချင်းကို နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်တယ်၊ မည်သည့်စာသားနဲ့ စတင်တဲ့သီချင်းကို နိုင်ငံတော်သီချင်းအဖြစ် သတ်မှတ်တယ်စသည်ဖြင့် ပြဋ္ဌာန်းကြတာကိုလည်း တွေ့ရပါတယ်။ နိုင်ငံတချို့ကတော့ နိုင်ငံတော်သီချင်းကို လွှတ်တော်က ဥပဒေနဲ့သတ်မှတ်ရမယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းတာကို တွေ့ရပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိနိုင်ငံတော်သီချင်းကို အသုံးပြုခဲ့တာ ရာစုနှစ်တစ်ဝက်ကျော်ပြီ ဖြစ်ပါတယ်။ အမျိုးသားညီလာခံက နိုင်ငံတော်ရဲ့ ဦးတည်ချက်နဲ့ စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးဆိုတဲ့ အခြေခံရမယ့်မူတစ်ရပ်ပါရှိပါတယ်။ လက်ရှိနိုင်ငံတော်သီချင်းမှာလဲ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ ခွင့်တူညီမျှခြင်းဆိုတဲ့ ဖြူစင်သော ဝါဒကို ဖော်ပြပါရှိပါတယ်။

နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံနဲ့ စပ်လျဉ်းပြီး အမျိုးသားညီလာခံက ချမှတ်ခဲ့တဲ့ အခြေခံရမယ့်မူများမှာ ဖော်ပြထားတဲ့ နိုင်ငံတော်၏ ဦးတည်ချက်များတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ ပါရှိပါတယ်။ ဒါ့အပြင် "နိုင်ငံတော်ကို ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်သည်"ဆိုတဲ့ အခြေခံရမယ့်မူနဲ့ "နိုင်ငံတော်တွင် ပါဝင်မည့် တိုင်းဒေသကြီးများ၊ ပြည်နယ်များ၊

စာမျက်နှာ ၆ ကော်လံ ၁ သို့

# ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး မြန်မာ–ဩစတြေးလျနိုင်ငံ ခွဲဝေခံစားရေးစာချုပ် ချုပ်ဆို

နေပြည်တော် နိုဝင်ဘာ ၁၀

**စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ဩစတြေးလျနိုင်ငံ Danford Equities Corporation တို့ တနင်္သာရီကမ်းလွန်ဒေသလုပ်ကွက် Yetagun East Block (YEB)တွင် ရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် (Production Sharing Contract)ကို ယမန်နေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ရှိုင်ရယ် ကုမုဒြာဟိုတယ်အစည်းအဝေးခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုသည်။**

### တက်ရောက်

အဆိုပါလက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ ဒုတိယရှေ့နေချုပ်ဦးမြင့်နိုင်၊ Danford Equities Corporation ၏ Chief Executive Mr. William M Clough ၊ Project Manager Mr. Christopher G. Drew နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ Danford Equities Corporation ၏ Chief Executive Mr. William M Clough နှင့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်တို့က အသီးသီး အမှာစကားပြောကြားကြသည်။

### လက်မှတ်ရေးထိုး

ဆက်လက်၍ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်ကြည်၊ Danford Equities Corporation ၏ Chief Executive Mr. William M Clough နှင့် အသိသက်သေများအဖြစ် စွမ်းအင်စီမံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးမြင့် နှင့် Danford Equities Corporation ၏ Project Manager Mr. Christopher G. Drew တို့က လက်မှတ်ရေးထိုးကာ **(အောက်ယာပုံ)** စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

ယင်းနောက် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုမိန့်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းဌေးက စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကို လည်းကောင်း ပေးအပ်ရာ Danford Equities Corporation ၏ Chief Executive Mr. William M Clough က လက်ခံသည်။

### ပူးပေါင်းဆောင်ရွက်

ယမန်နေ့က လက်မှတ်ရေးထိုးချုပ်ဆိုသည့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ်သည် တနင်္သာရီကမ်းလွန်ဒေသရှိလုပ်ကွက် Yetagun East Block (YEB)အတွင်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေ၊ တူးဖော်၊ ထုတ်လုပ်ရေး လုပ်ငန်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး အခြေခံဖြင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

စာမျက်နှာ ၄ မှ

၄။ (က) ချမှတ်ခဲ့ပြီးဖြစ်သည့်အခြေခံရမည့်မူများနှင့် အသေးစိတ် အခြေခံရမယ့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။

(ခ) အပိုဒ်(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြားပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်၊

(ဂ) အပိုဒ်(က)ပါ အခန်းများနှင့် သက်ဆိုင်အကျုံးဝင်မည့် ပုဒ်မများကို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲသည့်အခါ ထည့်သွင်းပြဋ္ဌာန်းရမည်။

**သဘာပတိကြီးနဲ့အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနဲ့ စပ်လျဉ်းလို့ ကျွန်တော်စုစည်းတင်ပြထားတဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ချမှတ်ရန်သင့်၊ မသင့် အမျိုးသားညီလာခံကိုယ်စားလှယ်များအနေနဲ့ ဆွေးနွေးအကြံပြုကြရန်ဖြစ်ကြောင်း ထပ်လောင်းမေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါတယ်။ ။




## တိမ်အသင့်အတင့်

**မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ် အသင့်အတင့် ဖြစ်ထွန်းမည်။**

စာမျက်နှာ ၅ မှ

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စုများ စသည့် နိုင်ငံတော်၏ နယ်မြေအပိုင်းအခြားဟူသမျှသည် နိုင်ငံတော်မှ မည်သည့်အခါမှ ခွဲမထွက်ရ”ဆိုတဲ့ အခြေခံရမယ့်မူများ ပါဝင်ပါတယ်။ လက်ရှိ နိုင်ငံတော် သီချင်းမှာ မိမိတို့ရဲ့ ဘိုးဘွား အမွေအနှစ်ဖြစ်တဲ့ ပြည်ထောင်စု အမြဲတည်တံ့စေဖို့ ထိန်းသိမ်းရေး၊ ပြည်ထောင်စုကို အသက်ပေးကာကွယ်ရေး၊ ပြည်ထောင်စု အကျိုးကို ညီညွတ်စွာ ထမ်းဆောင်ရေးတို့သည် မိမိတို့၏ တာဝန်ဖြစ်ကြောင်း ဖော်ညွှန်းချက်များပါရှိပါတယ်။

အဲဒီလို နှစ်ပေါင်း ရှည်ကြာစွာ အသုံးပြုခဲ့တဲ့အပြင် သီချင်းပါစာသားများမှာလည်း အမျိုးသားညီလာခံက ချမှတ်ထားခဲ့တဲ့ အခြေခံရမယ့်မူများနဲ့ ညီညွတ်တဲ့အတွက်ကြောင့် နိုင်ငံတော်သီချင်းအတွက် အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရာမှာ–

**“နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်”**

လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ မြို့တော်သတ်မှတ်ရေးအတွက် အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ရေးနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြလိုပါတယ်။

နိုင်ငံတော်ရဲ့မြို့တော် သတ်မှတ်ရေးနဲ့စပ်လျဉ်းပြီး ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းချက် မပါရှိသော်လည်း ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာတော့ နိုင်ငံတော်၏ မြို့တော်သည် ရန်ကုန်မြို့တော်ဖြစ်သည်လို့ သတ်မှတ်ပြဋ္ဌာန်းခဲ့တာကို တွေ့ရှိရပါတယ်။

ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာတဲ့အခါမှာ နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သတ်မှတ်တဲ့မြို့အမည်ကို ဖော်ပြထားတာတွေ့ရှိရသလို ဖော်ပြခြင်းမရှိတာကိုလည်း လေ့လာတွေ့ရှိရပါတယ်။

နိုင်ငံအတော်များများရဲ့ မြို့တော်များဟာ နိုင်ငံရဲ့ အလယ်ဗဟိုမှာ တည်ရှိကြတာ တွေ့ရပါတယ်။ နိုင်ငံတိုင်းမှာ ဗဟိုအစိုးရရဲ့ ရုံးစိုက်ရာမြို့ကို နိုင်ငံတော်ရဲ့မြို့တော်အဖြစ် သတ်မှတ်လေ့ရှိကြတာ လေ့လာတွေ့ရှိရပါတယ်။ နိုင်ငံတော်ရဲ့ မြို့တော်အဖြစ် သွားရေးလာရေး အဆင်ပြေပြီး နိုင်ငံတော်ရဲ့ အချက်အချာကျမယ့် နေရာဒေသကို ရွေးချယ်သတ်မှတ်လေ့ရှိကြပါတယ်။

မိမိတို့နိုင်ငံမှာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုရရှိရေးအတွက်လည်းကောင်း၊ ပြည်နယ်၊ တိုင်း အသီးသီးတို့နှင့် ဆက်သွယ်ရာတွင် ပိုမိုလွယ်ကူလျင်မြန်စေရန်လည်းကောင်း၊ နိုင်ငံတော်၏ အလယ်တွင်ရှိသော ဒေသကို ရွေးချယ်ပြီး နိုင်ငံတော်၏ မြို့တော်ဖြစ်တဲ့ နေပြည်တော်ကို တည်ဆောက်ပြီးဖြစ်ပါတယ်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ ဗဟိုရုံးများမှာ နေပြည်တော်တွင် ရုံးစိုက်လျက် နိုင်ငံတော်၏ လုပ်ငန်းတာဝန်အဝဝကို ဆောင်ရွက်လျက်ရှိကြတဲ့အတွက် နိုင်ငံတော်အစိုးရ ဗဟိုရုံးများ ရုံးစိုက်ထားရာ နေပြည်တော်ကို နိုင်ငံတော်၏ မြို့တော်အဖြစ် သတ်မှတ်သင့်ပါတယ်။

ဒါကြောင့်–

**“နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်”**

လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ရန် သင့်၊ မသင့် ဆွေးနွေးအကြံပြုကြဖို့ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

## သူဘာလဲ

သီတင်းကျွတ်မိုး
ဖြိုးဖြိုးဖြိုင်ဖြိုင်
ရွာနိုင်ရန်ကော
တောလည်းတောရေ
တောင်လည်းတောင်ရေ
မိုးတွေစွေခဲ့
နယ်မြေတစ်ဝိုက်
တစိုက်မတ်မတ်
မပြတ်စီးတိုး
ချောင်းရေရိုးလျှင်
သွင်သွင်စီးဖြတ် တရစပ်။

စမုံ၊ ပန်းလောင်
မြစ်ရေဖောင်ခဲ့
အောင်ရေဖွေးဖွေး
ပန်းဆေးချောင်းတွင်
ရေလျှံဝင်ခဲ့
ဈေးချို၊ ကမ္ဘဲ့
ဘလဲ့ဘ၊ ဥတည်
ဟံသာဝတီ၊ ဆင်ကျုံး
ဘုန်းတော်နိုင်ငံ
လက်ပံဇင်၊ ပန်းချီ
ရေကြည်ပေါက်၊ မြင်းမူး
ချောင်းကူး၊ မြောင်းကူး
ရေပြင်ကျူးခဲ့ ဘီလူးဂယက်။

ဘုံးအိုး၊ ငယ်တိုး
စာတိုး မြစ်တူး
ကူးဖြတ်မရ
ဒုဋ္ဌမြစ်ကြောင်း
သောင်းကျန်းရေစီး

မိကျောင်းတက်၊ ပနံ
လိပ်ဆံခွံ၊ ပန်းခွာ
ရွာအသီးသီး
နီးရာ လွတ်ရာ
ရွာဘုရားကုန်း
တရုန်းရုန်းလျှင်
စုရုံးခိုလှုံ
ဓမ္မာရုံတွင် ချိုင်ငင် ကွဲ့နွား
ရိုပ်ခိုထား၏။

မြစ်မ မြစ်သွယ်
မြစ်ငယ် မြစ်လောင်း
သွန်းလောင်းမိုးကြောင့်
မဖြောင့်ပြည်သူ
ပူဆွေးခဏ
သောကလွယ်ထား
ရှိနေငြားလည်း
တိုင်းကားပြည်သူ
စိတ်တူမနှေး။

ဆန်၊ ဆီ၊ ဆေး၊ ဆား
နေ့မနား၊ ညမထား
စုဝေးသွားခဲ့
ဝတ်စား၊ မုန့်ထုပ်
ထမင်းတစ်ဆုပ်၊
ဟင်းတစ်ထုပ်နှင့်
ယုတ်မြတ်မရွေး၊
ကူညီပေးခဲ့။

မန္တလေးတစ်ဝိုက်
ဖြိုက်ဖြိုက်ရွာသွန်း
တက်ရေလျှမ်းစဉ်
ရွာလမ်း၊ မြို့လမ်း
ရေပိတ်လျှမ်းခဲ့
လူ့ဒါန်းသမှု
နယ်လူထုတွက်
ပြည်သူ့အကျိုး
ပြည်ခိုင်ဖြိုးနှင့်
အမျိုးသမီး၊ မိခင်
ပြင်ကြ၊ ဆင်ကြ
ကယ်ဆယ်မရှ
ရှိသည့်ပစ္စည်း
အနီးအဝေး
အပြေးအလွှား
ရပ်ကြားရွာကြား
ရေပြင်ခြားလည်း
အကြားမရှိ
ပြည်သူကြည့်သည်
သတိနှင့်အသိ ပြည်သူရှိ၏။

ရေကြီးသတဲ့
ဟဲ့၊ ရေလျှမ်းသတဲ့
ကဲ့ရဲ့သလို
အပိုအလို
ဆိုချင်သလိုဆို
ရေချိုတစ်ပေါက်
ထမင်းခြောက်ပင်
ရောက်အောင်မပို့
သို့ကတဲ့တိုင်
စတိုင်ခံပြီး
ရွာနီး ရပ်ကွက်
စာရွက်ဖြန့်ဝေ
ဆစ်ကနေချာကမ်ပိန်း တဲ့။

ကမ္ဘာကြီးငြိမ်းချမ်းတော့မယောင်
အတိတ်စိမ်းတပ်
ဝှက်ရုပ်ဆိုလား
ပြည်သူကြားထဲ
တွားသွားဝပ်လျှိုး
မိုးကြီးသည်းထန်
ရေလျှံတာမသိ
သိလည်းမလုပ်
တစ်ဆုပ်ထမင်း
တစ်ထုပ်ဟင်းခွက်
ချက်ဖို့ရာဝေး
ဆစ်ကနေချာကမ်ပိန်းနှင့်
မိန်းမောကြံစည်
ပါတီအလုပ် ရှုပ်ပြီးရင်းရှုပ်။

ဩော်– ကိုယ့်ရပ်ကိုယ့်မြေ
မိုးရေတွေကြီး
ရေစီးတွင်မျော
တောနေတောင်သား
ရပ်ကြား ရွာကြား
သွားဖို့သူမသိ
ပြည်သူချည့်လည်း သူမကြည့်
ပြည်သူထိလည်း သူမသိ
ပြည်သူနာလည်း သူမပါ
ဒါဆို သူဘာလဲ။ ။

**စိန်မြင့်(ရွှေချည်ထိုး)**

11-11 (06) 1 11/11/06, 1:27 PM

# ၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း (ကြည်း၊ ရေ၊ လေ) ဂျူဒို၊ ကျွမ်းဘားပြိုင်ပွဲဖွင့်

ရန်ကုန် နိုဝင်ဘာ ၁၀

**၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) ဂျူဒို၊ ကျွမ်းဘားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီက ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။**

## တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်တပ်နယ်မှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း/တပ်ဖွဲ့များမှ တပ်ရင်း/တပ်ဖွဲ့မှူးများ၊ မြန်မာနိုင်ငံ ဂျူဒိုနှင့် ကျွမ်းဘားအဖွဲ့ချုပ်တို့မှ ဒိုင်အဖွဲ့ဝင်များနှင့် အားကစားသမားများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

## ပြိုင်ပွဲဖွင့်လှစ်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က တပ်မတော် (ကြည်း၊ရေ၊လေ)ကျွမ်းဘားပြိုင်ပွဲများကို တပ်မတော်သားအားလုံး ဂျူဒို၊ကျွမ်းဘားအားကစားကို စိတ်ပါဝင်စားလာခြင်းဖြင့် ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးတိုးတက်ခြင်းများရရှိစေရန် တပ်မတော်အတွင်း ဂျူဒို၊ ကျွမ်းဘားအားကစားသမားများ တိုးပွားစေရန်၊ နိုင်ငံတော်ကိုယ်စားပြု ယှဉ်ပြိုင်နိုင်သော အဆင့်အတန်းမြင့်မားသည့် ပြိုင်ပွဲဝင်အားကစားသမားများ ပေါ်ထွန်းလာစေရန်နှင့် ဂျူဒိုနည်းစနစ်ကိုအခြေပြုပြီး လက်နက်မဲ့တိုက်ခိုက်နည်းများ ကျွမ်းကျင်လာကာ မိမိကိုယ်ကိုယ်မိမိ ယုံကြည်မှုခိုင်မာပြီး စစ်မြေပြင်တွင် တိုက်ပွဲအောင်မြင်ရေးအတွက် အထောက်အကူဖြစ်စေရန် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်မပျက်ကျင်းပလျက်ရှိကြောင်း၊ ပြိုင်ပွဲဝင်အားကစားသမားများအနေဖြင့် တပ်မတော်သားကောင်းပီသစွာ ရဲဘော်ရဲဘက်စိတ်ကို အခြေခံ၍ ပြိုင်ပွဲစည်းကမ်း၊ အုပ်ချုပ်မှုဆိုင်ရာ စည်းကမ်းများနှင့်အညီ တရားမျှတစွာ ယှဉ်ပြိုင်ကြစေလိုကြောင်းနှင့် တပ်မတော်နှင့် နိုင်ငံတော်အတွက် အားထားရသည့် လက်ရွေးစင်အားကစားသမားကောင်းများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းလိုပါကြောင်းဖြင့် ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဧည့်ပရိသတ်များသည် မြန်မာနိုင်ငံ ဂျူဒိုနှင့် ကျွမ်းဘားအဖွဲ့ချုပ်တို့မှ အားကစားသမားများ၏ ဂျူဒိုနှင့် ကျွမ်းဘားသရုပ်ပြသမှုများကို ကြည့်ရှုအားပေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ပါဝင်ယှဉ်ပြိုင်

ပြိုင်ပွဲကို ယနေ့မှ နိုဝင်ဘာ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အားကစားအသင်း ၁၉ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖခင်ကြီး ဦးလန်မား အား ရည်စူး၍ မိခင် ဒေါ်ကျောက်ဝါး အား အမှူးထားပြီး ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်းနေ သမီး ဒေါ်တင်တင်နိုင်၊ သား ဦးပြုံးချို-ဒေါ်ချိုလေး၊ မြေး မောင်စိုးပိုင်၊ မပြုံးပြုံးခိုင်၊ မောင်ဖြိုးဟန်ထက် မိသားစုတို့က ဒဂုံမြို့နယ်



အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်သုံးသိန်းကို တိပိဋကရေ ဆရာတော် ဘဒ္ဒန္တ ဣန္ဒာစရိယထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ (ပင်မ)ဥက္ကဋ္ဌ ဦးအေးဖေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

# အော်တိုတယ်လီဖုန်းစက်ခလုတ်ခုံဖွင့်ပွဲအခမ်းအနား ပြင်ဦးလွင်မြို့ မြို့မစည်ပင်သာယာဈေးကြီး၌ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၀

**FISCA Enterprises က တပ်ဆင်သော ပြင်ဦးလွင်မြို့ မြို့မစည်ပင်သာယာဈေးကြီး၌ အော်တိုတယ်လီဖုန်းစက်ခလုတ်ခုံ ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၇ ရက်က အဆိုပါ မြို့မစည်ပင်သာယာဈေးကြီး၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ ပြင်ဦးလွင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မွန်နှင့် တာဝန်ရှိသူများ၊ FISCA Enterprises မှ Chairman ဦးစိုးမြင့်ထွန်း၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝိတ်၊ အမှုဆောင်အရာရှိချုပ် ဦးဇော်မင်းနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။**





၂၀၀၆ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော် (ကြည်း၊ရေ၊လေ) ဂျူဒို၊ကျွမ်းဘားပြိုင်ပွဲ ဖွင့်ပွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါ အော်တိုတယ်လီဖုန်းစက်ခလုတ်ခုံကို ပြင်ဦးလွင် တပ်နယ်မှူး ဗိုလ်မှူးချုပ်ကျော်ဆွေ၊ FISCA Enterprises အုပ်ချုပ်မှုဒါရိုက်တာ ဦးဇော်ဝိတ်နှင့် အော်တိုတယ်လီဖုန်းဖြစ်မြောက်ရေး ကော်မတီ ဥက္ကဋ္ဌ ဦးထွန်းမြင့်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် အော်တိုတယ်လီဖုန်း စက်ခလုတ်ခုံကို လှည့်လည် ကြည့်ရှုကြပြီး တိုင်းမှူးက တပ်ဆင်ထားသော တယ်လီဖုန်းလိုင်းကောင်းမွန်မှု အခြေအနေကို အဝေးလိုင်း စမ်းသပ်ခေါ်ယူ ဆက်သွယ်ကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## ပူးပေါင်းဆောင်ရွက်

ဖွင့်လှစ်လိုက်သော အော်တိုတယ်လီဖုန်း စက်ခလုတ်ခုံသည် အဝင်လိုင်း ၁၆ လိုင်း၊ အထွက်လိုင်း ၂၀၀ ရှိပြီး FISCA Enterprises နှင့် ပြင်ဦးလွင်မြို့ မြို့မစည်ပင်သာယာဈေးကြီး တယ်လီဖုန်း ဖြစ်မြောက်ရေးကော်မတီတို့က ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရေနံအစမ်းတွင်းများတူးဖော်နေစဉ် ဘေးအန္တရာယ်မဖြစ်စေရေး ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PCM-11 ကုမ္ပဏီသည် တနင်္သာရီကမ်းလွန်လုပ်ကွက် အမှတ် M-16၊ M-17 နှင့် M-18 တို့၌ ရေနံအစမ်းတွင်းများ တူးဖော်စမ်းသပ်ခြင်းလုပ်ငန်းများကို ရေနံတွင်းတူးစက် Energy Searcher ဖြင့် နိုဝင်ဘာ ၁ ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

## တည်နေရာနှင့်အချိန်ကာလ

ရေနံတွင်းတူးစက် Energy Searcher ဖြင့် တူးဖော်မည့် ရေနံအစမ်းတွင်းများ၏ တည်နေရာနှင့် အချိန်ကာလ များမှာ လုပ်ကွက်အမှတ် M-16 ရေနံအစမ်းတွင်း Galon g#1 မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၂၉ မိနစ် ၃၃ ဒသမ ၆၅၅ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၁ မိနစ် ၂၃ ဒသမ ၉၀၆ စက္ကန့်၌ စက်တင်ဘာ ၂၁ ရက်မှ အောက်တိုဘာ ၃၁ ရက် အထိလည်းကောင်း၊ လုပ်ကွက်အမှတ် M-18 ရေနံအစမ်းတွင်း Hinthar # 1 မြောက်လတ္တီတွဒ် ၀၉ ဒီဂရီ ၅၀ မိနစ် ၀၂ ဒသမ ၃၇၄ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၈ မိနစ် ၂၁ ဒသမ ၃၇၂ စက္ကန့်၌ နိုဝင်ဘာ ၅ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိလည်းကောင်း၊ လုပ်ကွက်အမှတ် M-17 ရေနံအစမ်းတွင်း Chinthe#1 မြောက်လတ္တီတွဒ် ၁၀ ဒီဂရီ ၃၆ မိနစ် ၄၃ ဒသမ ၃၃၁ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၃၉ မိနစ် ၀၄ ဒသမ ၈၈၅ စက္ကန့်၌ ဒီဇင်ဘာ ၈ ရက်မှ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၆ ရက်အထိလည်းကောင်း၊ လုပ်ကွက်အမှတ် M-16 ရေနံအစမ်းတွင်း Nagar#1 မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၁၆ မိနစ် ၄၁ ဒသမ ၀၁၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၉ မိနစ် ၁၈ ဒသမ ၅၉၂ စက္ကန့်၌ ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၈ ရက်မှ ၃၁ ရက်အထိ ဖြစ်သည်။

## အသိပေးကြေညာထား

ထို့ကြောင့် တနင်္သာရီကမ်းလွန် လုပ်ကွက်အမှတ် (M-16)၊ (M-17) နှင့် (M-18) တို့၌ ရေနံတွင်းတူးစက် Energy Searcher ဖြင့် ရေနံအစမ်းတွင်းများ ဆက်လက်တူးဖော်နေစဉ် ကာလအတွင်း လုံခြုံမှုဘေးအန္တရာယ် မရှိစေရေးနှင့် ရေနံတွင်းတူးစက် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ရေနံတွင်းတူးစက်မှ ၄ ကီလိုမီတာအတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗာန်များ ဖြတ်သန်းသွားလာခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့တပ်မတော်နှင့် ပါကစ္စတန်တပ်မတော်အသင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၀**

မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ တပ်မတော်ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ ဒုတိယပွဲစဉ်ကို ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လူငယ်အားကစား လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်၊ တပ်မတော် (ကြည်း၊ရေ၊လေ) မှ အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်သည်များ၊ မိသားစုများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ချစ်ကြည်ရေး ဘောလုံးပြိုင်ပွဲ မစတင်မီ တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးထိန်လင်းနှင့် ပါကစ္စတန် တပ်မတော်ဘောလုံးအသင်း ခေါင်းဆောင် Brigadier General, Muhammad Naseem Khan တို့က နှစ်နိုင်ငံဘောလုံးအသင်းတို့မှ အားကစားသမားများအား တစ်ဦးချင်း လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နှစ်နိုင်ငံဘောလုံးအသင်း အားကစားသမားများအား အမျိုးသမီးငယ်များက ပန်းစည်းများ ပေးအပ်ကြ၍ နှစ်နိုင်ငံဘောလုံးအသင်းများက ချစ်ကြည်ရေးအလံနှင့် အမှတ်တရ လက်ဆောင်များ လဲလှယ်ကြသည်။

## ယှဉ်ပြိုင်ကစား

ယင်းနောက် ချစ်ကြည်ရေးဒုတိယပွဲစဉ်အဖြစ် မြန်မာ့တပ်မတော်ဘောလုံးအသင်းနှင့် ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တပ်မတော်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

## ချစ်ကြည်ရေးဆုဖလား

ချစ်ကြည်ရေး ဒုတိယပွဲစဉ်အပြီးတွင် တပ်မတော်ဆေးတက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးချုပ်ရာပြည့်က ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ တပ်မတော် ဘောလုံးအသင်းအား ချစ်ကြည်ရေး ဆုဖလားကို ပေးအပ်ချီးမြှင့်ရာ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ တပ်မတော်ဘောလုံးအသင်းခေါင်းဆောင်က လက်ခံသည်။

ထို့နောက် တပ်မတော်အရာရှိကြီးများနှင့် နှစ်နိုင်ငံဘောလုံးအသင်း အားကစားသမားများသည် အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

● ကျောဖုံးမှ

### စတင်ကျင်းပ

ယင်းနောက် အခမ်းအနားမှူးက နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)သို့ တက်ရောက်လာကြသော ကိုယ်စားလှယ်ပေါင်း ၅၀၀ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို စတင်ဖွဲ့စည်းခဲ့သည့် ၁၉၉၃ခုနှစ် စက်တင်ဘာ ၁၅ ရက်ကစပြီး နှစ်စဉ်နှစ်တိုင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးများကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းသည် အသင်းကြီး၏ ကောင်းမွန်လေးစားအပ်သည့် အစဉ်အလာဖြစ်ကြောင်း၊ ယခုစတင်ကျင်းပတော့မည့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ပြည်နယ်၊ တိုင်းအသီးသီးမှ အသင်းဝင် ၂၃ ဒသမ ၈ သန်းကျော်၏ ကိုယ်စား ကိုယ်စားလှယ်များ စုံညီစွာ တက်ရောက်ကျင်းပနိုင်မည်ဖြစ်သည့်အတွက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ကိုယ်စား ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းကိုလည်း ပြောကြားလိုကြောင်း။



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ပထမနေ့တွင် နံနက်ပိုင်း သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်း၊ သဘာပတိ အဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးသိန်းညွှန့်တို့ ဆောင်ရွက်ကြစဉ်။

(သတင်းစဉ်)

# လူမှုရေးလုပ်ငန်းစဉ်များကို စည်းရုံးရေးအမြင်ဖြင့် အင်တိုက်အားတိုက်ပါဝင်လှုပ်ရှား
# အမျိုးသားရေးအသိအမြင်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် လူထုအားစည်းရုံးဦးဆောင်



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အထွေထွေအတွင်းရေးမှူး ဦးဇော်မင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြား တင်သွင်းစဉ်။

(သတင်းစဉ်)

### တိုးတက်ရရှိ

လက်ရှိကာလသည် မိမိတို့ချစ်သော အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ပြည်သူများ လိုလားတောင့်တနေကြသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးအဖြစ် ပေါ်ထွန်းလာစေရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများ၏ စွမ်းအားများနှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း၊ ခေတ်ဟောင်းစနစ်ဟောင်းမှ ခေတ်သစ် စနစ်သစ်ကို ညင်သာစွာ ကူးပြောင်းနိုင်ရေးအတွက် စနစ်တကျ စီမံကြိုးပမ်းဆောင်ရွက်နေသည့်ကာလဖြစ်ကြောင်း၊ ထိုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဖြစ်လိုမှု၊ ဖြစ်ချင်မှု ဆန္ဒအလိုကိုလိုက်ပြီး စိတ်ကူးယဉ်ခြင်းမဟုတ်ဘဲ နိုင်ငံ၏ သမိုင်းကြောင်း ယဉ်ကျေးမှုဓလေ့ထုံးစံ၊ ပကတိ ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများအရ မှန်ကန်သည့်မူ၊ လက်တွေ့ကျသည့် နည်းလမ်း၊ စေတနာပါသည့် အကောင်အထည်ဖော်မှု၊ အမြော်အမြင်ကြီးမားသည့် ဦးဆောင် လမ်းညွှန်မှုများနှင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြုတည်ဆောက်ထားသည့် တည်ငြိမ်အေးချမ်းမှု၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ရလဒ်ကောင်းများ တိုးတက်ရရှိနေပြီဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ပြည်သူများ လိုလားတောင့်တနေကြသည့် နိုင်ငံတော် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်စေရန် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိပြီး ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ခိုင်မာသည့် လူငယ်လူရွယ်များကိုအခြေခံပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းကြီးကို ၁၉၉၃ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် စတင်ဖွဲ့စည်း တည်ထောင်ခဲ့ခြင်းဖြစ်သည့်အတွက် ယခုဆိုလျှင် ၁၃ နှစ်ကျော်သက်တမ်းကို ရောက်ရှိလာခဲ့ပြီဖြစ်ကြောင်း။

### အထောက်အကူပြု

အသင်းကြီးကို မွန်မြတ်မှန်ကန်လှသော အမျိုးသားရေး တာဝန် သုံးပါးအပေါ် အခြေခံသည့် ရည်ရွယ်ချက်ငါးရပ်၊ အခြေခံမူ ငါးရပ်၊ ကတိသစ္စာလေးချက်၊ ကျင့်ဝတ်၁၁ပါးနှင့် တာဝန်ဝတ္တရား ၁၄ ချက်တို့ကို ပြဋ္ဌာန်းထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူများထဲက ပြည်သူများဖြစ်ကြသည့် အသင်းဝင်များသည် နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် လက်တွေ့ပါဝင် ဆောင်ရွက်ရင်း အမျိုးသားရေး အင်အားစုကြီးတစ်ရပ်အဖြစ် ရပ်တည်နေပြီဖြစ်ကြောင်း၊ နိုင်ငံ၏ နယ်မြေဒေသအနှံ့အပြားတွင်ရှိနေကြသည့် အသင်းဝင်များသည် အသင်းကြီး၏ ဦးဆောင်မှုဖြင့် တိုင်းကျိုးပြည်ပြု လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရုံ သာမကဘဲ လူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးရေးစွမ်းအားဖြင့် အထောက်အကူပြုနေပြီ ဖြစ်ကြောင်း။

အသင်းကြီးကို စတင်ဖွဲ့စည်းခဲ့သည့် အချိန်ကာလကို ပြန်ပြောင်းကြည့်မည်ဆိုပါက ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးကို ကြွေးကြော်ပြီး အာဏာကို ဖြတ်လမ်းက ရယူလိုသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းအချို့၏ ဖန်တီးမှုများကြောင့် ပေါ်ပေါက်လာခဲ့သည့် စည်းမဲ့ကမ်းမဲ့ ဥပဒေမဲ့ မင်းမဲ့စရိုက်များကြောင့် ပျက်ပြားခဲ့ရသည့် တည်ငြိမ်အေးချမ်းမှု၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုများကို ပြန်လည်ထူထောင်နေချိန်ဖြစ်သည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ပြည်သူများ လိုလားသည့် နိုင်ငံတော်သစ်ကြီးကို ထူထောင်ရာတွင် ပြည်သူတစ်ရပ်လုံး တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လာစေရန် ရှင်းလင်းစည်းရုံးရေးသည် နိုင်ငံ၏ ပကတိအခြေအနေအရ လိုအပ်ချက်ဖြစ်လာကြောင်း၊ ယင်းသမိုင်းရေးလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို ထူထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အသင်းဝင်များအနေဖြင့် အသင်းကြီး၏ အရေးပါမှုကို သိရှိနားလည် တန်ဖိုးထားကြသူများဖြစ်ကြသည့်အတိုင်း အမျိုးသားရေး အင်အားစုကြီးအဖြစ်အစဉ်ရပ်တည်ပြီး နယ်မြေဒေသအသီးသီး၏ အကျိုးအတွက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### အမျိုးသားနိုင်ငံရေး

နိုင်ငံ၏ အရေးအရာကိစ္စရပ်အားလုံးကို နိုင်ငံရေးဟု ယေဘုယျအားဖြင့် ဖွင့်ဆိုနိုင်ကြောင်း၊ နိုင်ငံတိုင်း နိုင်ငံတိုင်း မိမိတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီး၌ မိမိတို့၏ အမျိုးသား အကျိုးစီးပွား ဖြစ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြမြဲဖြစ်ကြောင်း၊ အမျိုးသားအကျိုးစီးပွားများသည် နိုင်ငံ၏ ပထဝီအနေအထား၊ တိုင်းရင်းသားပြည်သူများ၏ ယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ပြောင်းလဲဖြစ်ပေါ်နေသည့် ကာလဒေသ၊ ပယောဂ အခြေအနေများအပေါ် မူတည်ပြီး ဦးစားပေးမှုများ မတူညီကြသည်ကိုလည်း တွေ့ကြရမည်ဖြစ်ကြောင်း၊ မဖြစ်မနေ အသက်တမျှ အရေးထားပြီး လုပ်ဆောင်ကြရမည့် လုပ်ငန်းများ Vital Intrest များလည်း ရှိကြစမြဲဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်နေသည့် ကိစ္စရပ်များတွင် ပါဝင်ဆောင်ရွက်ခြင်းသည် အမျိုးသားနိုင်ငံရေးကို လုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း။

**နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် အယူအဆများ၊ ဝါဒများ၊ လမ်းစဉ်များတူညီမှုမရှိကြသည့် အခြေအနေမျိုးနှင့်လည်းကြုံတွေ့နိုင်ကြောင်း၊ ဤကဲ့သို့ အခြေအနေမျိုးတွင် အယူအဆတူသူ၊ ဝါဒတူသူ၊ လမ်းစဉ်တူသူများစုစည်းရာတွင် နိုင်ငံရေးပါတီများ ပေါ်ပေါက်လာလေ့ရှိကြကြောင်း၊ ဝါဒသဘောထား မတူကြသည့် ပါတီအဖွဲ့အစည်းများအချင်းချင်းအားပြိုင်မှုများလည်း ဖြစ်ပေါ်လာကြမြဲဖြစ်ကြောင်း၊ အချို့သော လူပုဂ္ဂိုလ်၊ ပါတီအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည့်အစား နိုင်ငံရေးအာဏာမရရှိပါက ၎င်းတို့၏ မူဝါဒလမ်းစဉ်များကို နိုင်ငံတော်တွင် ကျင့်သုံးအကောင်အထည်ဖော်နိုင်မည်မဟုတ်ဟုယူဆပြီး နိုင်ငံရေးအာဏာရရှိရေးအတွက် ဦးတည် ကြိုးပမ်းမှုများပြုလာခဲ့ကြရာမှ နိုင်ငံရေးအာဏာရရှိရေးသည် အဓိကအကျိုးစီးပွား အဖြစ် ပြောင်းလဲလာခဲ့ကြကြောင်း၊ အချို့သော အဖွဲ့အစည်းများက မိမိအာဏာ ရရှိရေးအတွက် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုပင် ပြစ်ပယ်မျက်ကွယ်ပြုမှုများ လုပ်ဆောင်မိနေကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။**

### အားပြိုင်မှုများ

အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားသည့် အမျိုးသားနိုင်ငံရေးနှင့် မိမိတို့ပါတီ၊ အဖွဲ့အစည်းအာဏာရရှိရေးအတွက် ဦးထိပ်ထားသော ပါတီနိုင်ငံရေးတို့အကြား အားပြိုင်ပွဲများဖြစ်ပေါ်ကြမြဲဖြစ်ကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းတွင်လည်း အလားတူ အားပြိုင်မှုများရှိနေကြသည်၊ လုပ်ဆောင်မိနေကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

အမျိုးသားရေးတာဝန်ကို ဆောင်ရွက်နေကြသည့် အသင်းဝင်များအနေဖြင့် ယင်းဖြစ်ပေါ်ပြောင်းလဲမှုအစဉ်ကို သိရှိသုံးသပ်ပြီး ခိုင်မာသည့်ယုံကြည်ချက်၊ စွဲမြဲသည့်ခံယူချက်များဖြင့် မိမိတို့၏နယ်မြေများတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်မှုများအတွက် ဂုဏ်ယူဝမ်းမြောက်ဖွယ်ဖြစ်ကြောင်း၊ ဆက်လက် တိုးမြှင့်ဆောင်ရွက်သွားနိုင်ကြမည်ဟုလည်း ယုံကြည်ပါကြောင်းကို ပြောကြားလိုကြောင်း၊ အသင်းဝင်များသည် မိမိတို့နယ်မြေအတွင်း၌ရှိသည့် လူထုထဲက ထွက်ပေါ်လာကြခြင်းဖြစ်သည့်အတွက် နယ်မြေလူထုနှင့် တစ်ဆက်တစ်စပ်တည်း၊ တစ်သားတည်းရှိပြီးဖြစ်ကြောင်း၊ မိမိတို့နယ်မြေ၏ လက်တွေ့အကျိုးရှိသည့် အကျိုးပြုလုပ်ငန်းများကို စေတနာသန့်သန့်ဖြင့် ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် နယ်မြေလူထု၏ ပူးပေါင်းဆောင်ရွက်မှုများကို ရရှိနေပြီး အသင်းဝင်အင်အားသည်လည်း တစ်နှစ်ထက်တစ်နှစ် တိုးတက်လာသည်ကို ဂုဏ်ယူဖွယ်ရာတွေ့ကြရမည်ဖြစ်ကြောင်း၊ တိုးတက်များပြားလာသည့် အသင်းဝင်များအနေဖြင့် မိမိတို့နယ်မြေဒေသ၏အကျိုးကို ပိုမိုသယ်ပိုးဆောင်ရွက်နိုင်ရန် လေ့ကျင့်မှုများပြုလုပ်ပေးသည့်အပြင် မိမိတို့၏အရည်အချင်းများကို မြင့်မားလာစေရန်လည်း ကိုယ်တိုင်လေ့လာသင်ယူနေကြရမည်ဖြစ်ကြောင်း၊ အသင်းဝင်တိုင်းသည် နယ်မြေအကျိုးကို ပါဝင်ဖော်ဆောင်ပေးနိုင်သည့် စည်းရုံးရေးသမားကောင်းအဖြစ် အစဉ်ရပ်တည်နိုင်စေရန် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

**အမြော်အမြင်ရှိတဲ့ ခေါင်းဆောင်မှုအောက်တွင် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ကိုအခြေခံပြီး ဖြူစင်သန့်ရှင်းသောစိတ်ထားဖြင့် ကြိုးပမ်းဆောင်ရွက်မှုများကြောင့် နိုင်ငံတော်၏ သမိုင်းရေးဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများသည် အမျိုးသားရေး ပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီကို ဦးတည်ရွေ့ရှုနေပြီဖြစ်ကြောင်း၊ ရပြီးဖြစ်သည့် အခြေခံကောင်းများအပေါ် အခြေပြုပြီး ပိုပြီးကောင်းမွန်သည့်ရလဒ်များနှင့် နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် အသိတရားရှိရှိဖြင့် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း။**

### တိုးမြှင့်ဆောင်ရွက်

သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို အောင်မြင်စွာအကောင်အထည်ဖော်နိုင်စေရန် ချမှတ်ထားသည့် ဦးတည်ချက်များအတိုင်း အနှစ်သာရရှိရှိဖြင့် ကျင်းပသွားကြမည်ဖြစ်ကြောင်း၊ သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၅)က ချမှတ်ထားခဲ့သော ရှေ့လုပ်ငန်းစဉ်များအပေါ် တစ်နှစ်တာကာလအတွင်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့် ရရှိသည့်အတွေ့အကြုံ၊ ဖြစ်ပေါ်ပြောင်းလဲနေသည့် ဘဝ၊ ဆန္ဒ၊ ပကတိအခြေအနေများအရ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန်ဆွေးနွေးညှိနှိုင်းသွားကြမည်ဖြစ်ကြောင်း၊ ပကတိအခြေအနေနှင့်ကိုက်ညီသည့် လက်တွေ့ကျသော ရှေ့လုပ်ငန်းစဉ်များကိုလည်း ချမှတ်နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း၊ သင်းလုံးကျွတ်အစည်းအဝေး၏ ဦးတည်ချက်များ၊ ရည်မှန်းချက်များ ထမြောက်အောင်မြင်စေရန် ဆွေးနွေးညှိနှိုင်းဆုံးဖြတ်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်းကို ပြောကြားလိုကြောင်း။

သင်းလုံးကျွတ်အစည်းအဝေး ကျင်းပနေသည့်အချိန်သည် အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပနေသည့်အချိန်ကာလနှင့် တိုက်ဆိုင်နေသည်ဖြစ်ရာ အနာဂတ်နိုင်ငံတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲပြီး စဉ်ဆက်မပြတ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန်အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်မှတစ်ပါး အခြားလမ်းစဉ်မရှိ၍ အသင်းကြီးက ယုံကြည်ထားပြီးဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးအပါအဝင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက်လည်း အသင်းကြီးက ကျရာကဏ္ဍက တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ အရှိန်အဟုန်ဖြင့် တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိုလည်း ဝိုင်းဝန်းဆွေးနွေးကြရန် မှာကြားလိုကြောင်း။

### ကာကွယ်တိုက်ဖျက်

**အနာဂတ်နိုင်ငံတော်သစ်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရန် အေးချမ်းတည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရာ၌ တည်ဆောက်မှုရှိလျှင် ဖျက်ဆီးမှုလည်း ရှိမည်ဆိုသည့် ဆန့်ကျင်ဘက်များ၏ ဒွန်တွဲအားပြိုင်မှုသဘောကိုလည်း သတိပြုဆင်ခြင်ကြရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၊ ပြည်ပက အဖွဲ့အစည်းအချို့၏ ပကတိအခြေအနေမှန်ကို မျက်ကွယ်ပြုပြီး ပြောဆိုလုပ်ဆောင်မှု များ၊ အာဃာတစိတ်၊ အတ္တစိတ်ဖြင့် ပြောဆိုလုပ်ဆောင်နေမှုများ၊ အများသူငါ လုပ်ဆောင်လေ့ရှိမှုများအပေါ် လိုရာဆွဲပြီး ပြောဆိုမှုများသည် အကျိုးမဲ့သည့်**

**အမျိုးသားအကျိုးစီးပွားကို ဆန့်ကျင်နေသော အဖျက်လုပ်ရပ်များသာ ဖြစ်ကြောင်း၊ မွန်မြတ်မှန်ကန်သည့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ပိုမိုတိုးတက်မြင့်မားစေရန် ဆောင်ရွက်နေမှုများအပေါ် ထိခိုက်နိုင်စွမ်း မရှိကြောင်းကို ပြည်သူများ အမှန်အတိုင်း သိရှိနေကြပြီဖြစ်ကြောင်း၊ သို့သော်လည်း အမျိုးသားအကျိုးစီးပွားကို ထိပါးလာမည့် စေတနာ မမှန်သော လုပ်ရပ်မှန်သမျှကို ပြည်သူ့စွမ်းအား စည်းလုံးမှုအားတို့ဖြင့် ကာကွယ်တိုက်ဖျက်သွားကြရမည် ဖြစ်ကြောင်း။**

အသင်းဝင်ကိုယ်စားလှယ်များအနေဖြင့် ပြည်သူထဲက ပြည်သူများဖြစ်ကြသည့်အတိုင်း ပြည်သူများ၏ အကျိုးစီးပွား၊ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားအတွက် မျှော်မှန်းထားသော ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိစေရန် စည်းရုံးရေးစွမ်းအားဖြင့် ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ဝိုင်းဝန်းဆွေးနွေးကြရန်ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

## ဖတ်ကြားတင်သွင်း

ဆက်လက်၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးဇော်မင်းက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို တင်သွင်းသည့် အစီရင်ခံစာတွင် စည်းရုံးရေး၊ စီမံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကဏ္ဍများအပြင်၊ ပညာရေးဌာန၏ ဆောင်ရွက်ချက်ကဏ္ဍကိုပါ ထည့်သွင်းထားတာတွေ့ကြရမည်ဖြစ်ကြောင်း။

## စည်းရုံးရေးကဏ္ဍ

ရှေးဦးစွာ စည်းရုံးရေးကဏ္ဍနှင့် ပတ်သက်၍ တင်ပြလိုကြောင်း၊ စည်းရုံးရေးကဏ္ဍတွင် ဖွဲ့စည်းရေးအခြေအနေ၊ နာယကကြီးနှင့် နာယကအဖွဲ့ဝင်များထံမှ သြဝါဒခံယူခြင်း၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၏ ခရီးစဉ်များနှင့် ဆောင်ရွက်ချက်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်နိုင်မှုအခြေအနေ၊ လူထုအစည်းအဝေးများ၊ လူထုလှုပ်ရှားမှုများ၊ နိုင်ငံတော်အခမ်းအနားများတွင် ပါဝင်ဆောင်ရွက်ချက်များ၊ ချစ်ကြည်ရေးခရီးများ၊ မြို့ရွာဖွံ့ဖြိုးရေးတွင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ အခြားစည်းရုံးရေး ဆောင်ရွက်မှုများနှင့်တကွ အသင်းကြီး၏ ဦးတည်ချက်နဲ့ ရှေ့လုပ်ငန်းစဉ်များကို ဖော်ပြထားသည်ကို တွေ့ကြရမည်ဖြစ်ပါကြောင်း။

## လမ်းညွှန်မှာကြား

အစီရင်ခံသည့်ကာလ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ၂၀၀၅ ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး စတုတ္ထနေ့တွင် အသင်းနာယကကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ပြီး သြဝါဒစကား လမ်းညွှန်မှာကြားခဲ့ကြောင်း။

၂၀၀၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်မှ ၂၀၀၆ ခုနှစ် မေလ ၂၆ ရက် ကာလအတွင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယကအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် သက်ဆိုင်ရာ ဗဟိုအလုပ်အမှုဆောင်များနှင့်အတူ ပြည်နယ်၊ တိုင်းအသီးသီးမှ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များ၊ စည်းရုံးရေးမှူးများနှင့် အသင်းဝင်များအားတွေ့ဆုံပြီး အသင်းကြီး၏ရည်ရွယ်ချက်များ အောင်မြင်ရေး၊ စည်းရုံးရေးဆိုင်ရာများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားခဲ့ကြောင်း။

ထို့အပြင် အစီရင်ခံသည့်ကာလအတွင်း ဖွင့်လှစ်သည့် မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်း အမှတ်စဉ်(၁၀)နှင့် အမှတ်စဉ်(၁၁) သင်တန်းဖွင့်ပွဲနှင့် သင်တန်းဆင်းပွဲများကိုလည်း တက်ရောက်ပြီး အမှာစကားများ ပြောကြားခဲ့ကြောင်း၊ အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၂)မှ သင်တန်းသား၊ သင်တန်းသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်နှင့် သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ အမှုဆောင်များ၊ အဆင့်မြင့် စီမံခန့်ခွဲရေး(အထူး)သင်တန်း အမှတ်စဉ်(၁)မှ သင်တန်းသား သင်တန်းသူများ၊ ဒေသရေးရာ ညှိနှိုင်းရေးမှူးများနှင့်လည်း တွေ့ဆုံ၍ မှာကြားခဲ့ပါကြောင်း။

## တက်တက်ကြွကြွဆောင်ရွက်

အလားတူပင် ၂၀၀၅ ခုနှစ် အောက်တိုဘာလမှ ၂၀၀၆ ခုနှစ် စက်တင်ဘာလအထိ အသင်းကြီး၏ စည်းရုံးရေးနှင့်စီမံခန့်ခွဲရေးရာများကို မှာကြား၊ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ဖို့အတွက် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် ပြည်နယ်/တိုင်း အသီးသီးကို (၉၉၂)ကြိမ် ကွင်းဆင်းသွားရောက်၍ အသင်းအဆင့်ဆင့်တို့၏ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ ရပ်မိရပ်ဖများနှင့် ဒေသခံပြည်သူများကို တွေ့ဆုံခဲ့ပြီး စည်းရုံးရေး၊ ပညာရေး၊ စီမံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကိစ္စအရပ်ရပ်တို့ကို လမ်းညွှန်၊ ကြပ်မတ်၊ ညှိနှိုင်း၊ ဖြည့်ဆည်းပေးပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာတို့ကိုလည်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အမျိုးသားရေးမူဝါဒများနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ဖြင့် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်ရေးတို့ကိုလည်း လမ်းညွှန်ကြပ်မတ်ခဲ့ကြပါကြောင်း။

အစီရင်ခံသည့် ၂၀၀၅ ခုနှစ် အောက်တိုဘာလမှ ၂၀၀၆ ခုနှစ် စက်တင်ဘာလအထိ ဗဟိုအသင်းနှင့် အသင်းအဆင့်ဆင့်တို့တွင် ဖွင့်လှစ်ခဲ့သည့် မြန်မာ့ဖွံ့ဖြိုးရေးလေ့လာမှုသင်တန်း၊ အမှုဆောင်များ စီမံခန့်ခွဲရေး သင်တန်းနှင့် အခြေခံစည်းရုံးရေးသင်တန်းများ တက်ရောက်ခဲ့သူ တစ်သိန်းခုနှစ်သောင်းကျော်ရှိခဲ့ပြီး ၁၉၉၄ ခုနှစ်မှ ၂၀၀၆ ခုနှစ် စက်တင်ဘာလအထိ အသင်းဝင်ပေါင်း ရှစ်သိန်းခုနှစ်သောင်းကျော်ကို လေ့ကျင့်ပျိုးထောင်ပေးခဲ့ပြီးဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါကြောင်း။

## လူထုအစည်းအဝေး

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့မှာ အမျိုးသားညီလာခံကြိုဆို ထောက်ခံပွဲလူထုအစည်းအဝေးကို ရန်ကုန်မြို့ သဃ်္ဃန်းကျွန်းမြို့နယ် ဝေဇယန္တာလမ်းရှိ အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁) (သုဝဏ္ဏ)၌ ကျင်းပခဲ့ပါကြောင်း။

အဆိုပါ လူထုအစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အသင်းအဖွဲ့အသီးသီးတို့မှ ကိုယ်စားလှယ်များ၊ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များမှ ရပ်မိရပ်ဖများ စုစုပေါင်းအင်အား နှစ်သောင်းကျော် တက်ရောက်ခဲ့ပါကြောင်း။

လူထုအစည်းအဝေးမှ တင်သွင်းသည့် "အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆို"ကို တက်ရောက်လာကြသော ပြည်သူလူထုက တညီတညွတ်တည်း သဘောတူဆန္ဒပြုကြကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပါကြောင်း။

အလားတူ အမျိုးသားညီလာခံကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်အထိ ပြည်နယ်နှင့်တိုင်းအသီးသီးတွင် ကျင်းပခဲ့ကြောင်းကို ဖော်ပြထားကြောင်း။

## ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့

၂၀၀၅ ခုနှစ် အောက်တိုဘာလ ၃ ရက်မှ ၂၀၀၆ ခုနှစ် ဇွန်လ ၁၂ ရက်အတွင်းတွင် ဗြိတိန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကျူးဘားသမ္မတနိုင်ငံ၊ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးအား လာရောက်တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်းကို အစီရင်ခံစာတွင် ဖော်ပြထားပါကြောင်း။

## ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအားတို့ဖြင့် ကာကွယ်တိုက်ဖျက်သွားကြရမည်

**ပြည်တွင်း၊ ပြည်ပက အဖွဲ့အစည်းအချို့၏ ပကတိအခြေအနေမှန်ကို မျက်ကွယ်ပြုပြီး ပြောဆိုလုပ်ဆောင်မှုများ၊ အာဃာတစိတ်၊ အတ္တစိတ်ဖြင့် ပြောဆိုလုပ်ဆောင်နေမှုများ၊ အများသူငါ လုပ်ဆောင်လေ့ရှိမှုများအပေါ် လိုရာဆွဲပြီး ပြောဆိုမှုများသည် အကျိုးမဲ့သည့် အမျိုးသားအကျိုးစီးပွားကို ဆန့်ကျင်နေသော အဖျက်လုပ်ရပ်များသာဖြစ်၊ မွန်မြတ်မှန်ကန်သည့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ပိုမိုတိုးတက်မြင့်မားစေရန် ဆောင်ရွက်နေမှုများအပေါ် ထိခိုက်နိုင်စွမ်းမရှိကြောင်းကို ပြည်သူများ အမှန်အတိုင်း သိရှိနေကြ၊ သို့သော်လည်း အမျိုးသားအကျိုးစီးပွားကို ထိပါးလာမည့် စေတနာ မမှန်သော လုပ်ရပ်မှန်သမျှကို ပြည်သူ့စွမ်းအား စည်းလုံးမှုအားတို့ဖြင့် ကာကွယ်တိုက်ဖျက်သွားကြရမည်။**




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)ပထမနေ့တွင် မွန်းလွဲပိုင်း သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်၊ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးအုန်းမြင့်နှင့် ဦးမောင်မောင်သိမ်းတို့ ဆောင်ရွက်ကြစဉ်။** (သတင်းစဉ်)

၂၀၀၆ ခုနှစ် ဩဂုတ်လအတွင်းတွင် အပြည်ပြည်ဆိုင်ရာ လူငယ်များ ဖွံ့ဖြိုးမှုဖလှယ်ရေးအစီအစဉ်အရ ဂျပန်လူငယ်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဧည့်သည်တော်အဖြစ် ချစ်ကြည်ရေးခရီးလာရောက်ခဲ့ကြောင်းကို ဖော်ပြထားပါကြောင်း။

## ချစ်ကြည်ရေးခရီးစဉ်

၂၀၀၅ ခုနှစ် နိုဝင်ဘာလအတွင်း၌ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်လူငယ်ကိုယ်စားလှယ်အဖွဲ့သည် မလေးရှားနိုင်ငံသို့လည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့လည်းကောင်း သွားရောက်ခဲ့ကြောင်းကို ဖော်ပြထားပါကြောင်း။

အာဆီယံလူမှု အဖွဲ့အစည်းညီလာခံ၊ ကျူးဘားနိုင်ငံနှင့်ပတ်သက်သည့် ဒေသတွင်းကွန်ဖရင့်၊ အာဆီယံ–ကိုရီးယား အပြန်အလှန်လေ့လာရေးအစီအစဉ်၊ အရှေ့တောင်အာရှလူငယ်များ ခရီးစဉ်ကွန်ဖရင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာနားလည်မှုအသင်း (CAFIU)၊ Young Cadres Trainingသင်တန်း၊ တရုတ်–အာဆီယံပြည်သူများ ချစ်ကြည်ရေးအသင်းများညီလာခံ၊ ဂျပန်နိုင်ငံအာဆီယံလူငယ်ချစ်ကြည်ရေးအစီအစဉ်နှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံ (VUFO) အဖွဲ့ချုပ်သို့လည်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်းကို အစီရင်ခံစာတွင် ဖော်ပြထားပါကြောင်း။

## သတင်းစာရှင်းလင်းပွဲ

၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၆ ရက်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဆောင်ရွက်မှုများနဲ့စပ်လျဉ်းပြီး သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးတွင် ကျင်းပပြုလုပ်ခဲ့ပါကြောင်း။

ယင်းသတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ အသင်းဝင်အင်အား၊ အခြေခံမူဝါဒများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နေမှုများ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆောင်ရွက်နေမှုများနှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြည်တွင်းပြည်ပသတင်းဌာနများမှ သတင်းထောက်များအား ရှင်းလင်းပြောကြားခဲ့ကြောင်းကို ဖော်ပြထားပါကြောင်း။

အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအဖွဲ့ခွဲအနေဖြင့် အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအား ပြင်ပပုဂ္ဂိုလ်အဖွဲ့အစည်းများမှ (၁၈)ကြိမ် လာရောက်တွေ့ဆုံ ခဲ့ကြောင်းကိုလည်း ဖော်ပြထားပါကြောင်း။

## ပိုမိုမြင့်မား

ထို့ပြင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများနှင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုမြင့်မားတိုးတက်စေရန် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဗဟုသုတအမြင်နှင့် ယဉ်ကျေးမှုဖလှယ်နိုင်စေရန်၊ နှစ်နိုင်ငံအကျိုးတူဖက်စပ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန်နှင့် မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေနှင့်စပ်လျဉ်း၍ အခြေအနေမှန်များ တွေ့ရှိနားလည်သဘောပေါက်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့မှ ချစ်ကြည်ရေးခရီးလာရောက်ခဲ့မှုများကိုလည်း ဖော်ပြထားပါကြောင်း၊ အသင်းဝင်လူငယ်များသည် ချစ်ကြည်ရေးခရီးအဖြစ် ပြည်ပနိုင်ငံများသို့ (၁၈)ကြိမ်သွားရောက်ခဲ့ပါကြောင်း။

ဆက်လက်ပြီး ပညာရေးကဏ္ဍကို တင်ပြမည်ဖြစ်ကြောင်း၊ ပညာရေးရာအဖွဲ့ကို ၂၀၀၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်ဖွဲ့စည်းပြီး ပညာပေးရေးနှင့် ပြန်ကြားရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ပြည်နယ်၊ တိုင်းအဆင့်ဆင့်တွင် ပညာရေးရာအဖွဲ့များ ကျစ်လျစ်ခိုင်မာစွာ ဖွဲ့စည်းပြီး အသင်းဝင်များ ပြည်သူများအတွင်း ပညာပေးရေး၊ ပြန်ကြားရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

## ပါဝင်ကူညီဆောင်ရွက်

ဆက်လက်ပြီး လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍကို တင်ပြမည်ဖြစ်ပါကြောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုအဖွဲ့၏ အဓိကတာဝန်မှာ နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်(၄)ရပ်ကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ထို့အပြင် ဘာသာရေး၊ သာသနာရေးလုပ်ငန်းများ၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများ ဖြစ်ပေါ်လာပါက ကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင်လည်း ပါဝင်ကူညီဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ ထို့ကြောင့် သာရေး၊ နာရေးလုပ်ငန်းအဖွဲ့၊ လူမှုရေးလုပ်ငန်းများအဖွဲ့၊ လူထုလူတန်းစား အလွှာများအဖွဲ့နှင့် အားကစား၊ စာပေနှင့် အနုပညာလုပ်ငန်းများအဖွဲ့ဟူ၍ အဖွဲ့ငယ် လေးခုခွဲ၍ တာဝန်များကို ဆောင်ရွက်ခဲ့ပါကြောင်း။

အစီရင်ခံစာတွင် **"လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများသည် စည်းရုံးရေး၏ သော့ချက်ဖြစ်သည်"**ဟူသော စကားအတိုင်း လူမှုရေးလုပ်ငန်းစဉ်များကို စည်းရုံးရေးအမြင်ဖြင့် အင်တိုက်အားတိုက်ပါဝင်လှုပ်ရှား ဆောင်ရွက်သွားကြရန်၊ အသင်း၏ လုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက်ရာတွင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ပူးပေါင်း၍ ညှိနှိုင်းလုပ်ဆောင်ထားကြရန်၊ နယ်မြေဒေသခံ ပြည်သူလူထု၏ လိုအပ်ချက်များကို လူအား၊ ငွေအား၊ ပစ္စည်းအား၊ ဉာဏ်စွမ်းအား ဖြင့် တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန်နှင့် အသင်း၏ဆောင်ပုဒ်နှင့်အညီ လုပ်ငန်းများအား အမျိုးသားရေးအမြင်၊ အမျိုးသားရေးအသိစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်တို့ဖြင့် လူထုအား စည်းရုံးဦးဆောင်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း သုံးသပ်ဖော်ပြထားတာကိုလည်း တွေ့ရပါကြောင်း။

***စာမျက်နှာ ၁၃ ကော်လံ ၁ သို့***

# စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေး အမျိုးသားပညာရည်မြင့်မားရေးသည် အခြေခံလိုအပ်ချက်ဖြစ် ကျောင်းနေအရွယ်ကျောင်းနေနိုင်ရေးစည်းရုံးပေးနိုင်ခဲ့

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၄ရက်မှ ၈ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးပထမနေ့ဖြစ်သည့် နိုဝင်ဘာ၅ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။

ထိုသို့တင်ပြရာ၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်နန်းဟွမ်ခမ်းက တင်ပြရာတွင်-



ရှမ်းပြည်နယ် (အ ရှေ့ ပိုင်း) ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာ ကာလအတွင်း ရှေ့လုပ်ငန်းစဉ် များ အကောင် အထည် ဖော် နိုင်မှု အခြေ အနေများကို ရှမ်း ပြည်နယ် (အ ရှေ့ ပိုင်း) ကျိုင်းတုံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဟွမ်ခမ်း တင်ပြစဉ်။ (သတင်းစဉ်)

စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးနှင့် တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးခိုင်မာတောင့်တင်းရေးနှင့် အမျိုးသားပညာရည်မြင့်မားရေးတို့သည် အခြေခံလိုအပ်ချက်များဖြစ်၍ မိမိတို့အသင်းအနေဖြင့် နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်ခဲ့သည်များကို တင်ပြလိုကြောင်း။

၁၅-၉-၂၀၀၆ရက်တွင် မိုင်းဖြတ်မြို့နယ် နမ့်ယွန်းကျေးရွာအုပ်စုသို့ SSA သောင်းကျန်းသူများဝင်ရောက်ပြီး ရွာငါးရွာကို မီးရှို့ဖျက်ဆီးသဖြင့် ရွာသား ၁၃ဦး အသက်ဆုံးရှုံးခဲ့ပြီး အိမ်ခြေ ၁၀၂အိမ် မီးရှို့ခံခဲ့ရကြောင်း၊ ပြည်ခိုင်ဖြိုးအသင်းသား၊ ပြည်သူ့စစ်ရွာသားများက ပြန်လည်ခုခံရာတွင် မိမိတို့အမာခံ အသင်းသားလေးဦးသည် တိုင်းပြည်အတွက် အသက်ပေးလိုက်ရကြောင်း။

တိုင်းပြည်အတွက် ရဲရဲဝံ့ဝံ့ အသက်စတေးခဲ့သည့် ပြည်ခိုင်ဖြိုးအသင်းသားများအတွက် ကြေကွဲဝမ်းနည်းခဲ့ရပြီး အသက်ကိုပဓာနမထားဘဲ မိမိရပ်ရွာအတွက် အသက်ပေးခဲ့သည့်သူများကို ဂုဏ်ပြုသောအားဖြင့် ပြည်ခိုင်ဖြိုးဌာနချုပ်မှ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းအတွက်လည်းကောင်း၊ ဒုက္ခသည်မိသားစုအတွက်လည်းကောင်း၊ တစ်ဖက်တစ်လမ်းမှ ကူညီနိုင်ရန် ပံပိုးငွေကျပ်သိန်း ၁၀၀နှင့် အဝတ်အစားပေထုပ် ၁၂ထုပ်ကို ပံ့ပိုးခဲ့ကြောင်း။

ယင်းတို့သည် ဗဟိုကချမှတ်သော ရှေ့လုပ်ငန်းစဉ်များဖြစ်သည့် အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်ရေးနှင့် ဒို့တာဝန်အရေးသုံးပါးကို တတ်နိုင်သည့်ဘက်မှ ကာကွယ်စောင့်ရှောက်ခြင်းဖြစ်ကြောင်းကို တင်ပြလိုပါကြောင်း။

အမျိုးသားပညာရည်မြင့်မားရေးသည် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အခြေခံလိုအပ်ချက်ဖြစ်ကြောင်း။

ထို့ကြောင့် အစီအရင်ခံသည့်ကာလတွင် ၂၀၀၅-၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ချောမောစွာဖြေဆိုနိုင်ရန် ပြည်ခိုင်ဖြိုးအသင်းအနေဖြင့် စေတနာညကျောင်း ဖွင့်လှစ်မှုတို့တွင်ပါဝင်ခြင်း၊ ဘာသာရပ်အလိုက် လိုအပ်မည့်ဆရာဆရာမများကို သက်ဆိုင်ရာဒီဂရီကောလိပ်နှင့် ပေါင်းစပ်ညှိနှိုင်းပြီး လွယ်မွေ့အထကကျောင်း၌ ဓာတုဗေဒ၊ ရူပဗေဒနှင့် သင်္ချာဘာသာ နည်းပြများကို သင်ကြားပေးရန် ကူညီပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် ကျောင်းနေအရွယ်ကျောင်းနေနိုင်ရန် စည်းရုံးပေးနိုင်ခဲ့သည့်အပြင် ကျောင်းသား၊ ကျောင်းသူများအား စိတ်ချမ်းမြေ့စွာ စာသင်နိုင်ရန် မူလတန်းကျောင်း ၅၅ကျောင်း၌ စာသင်ခုံ ၂၃၇စုံ စုစုပေါင်းတန်ဖိုးငွေကျပ် ၄၃သိန်းကျော်ကို လည်းကောင်း၊ ကွန်ပျူတာမဟာသိပ္ပံဘွဲ့တက်ရောက်ခဲ့သော ထူးချွန်ကျောင်းသူတစ်ဦးအား ပညာသင်ထောက်ပံ့ငွေကျပ် တစ်သိန်းကိုလည်းကောင်း၊ အဆင့်မြင့်ပညာ သင်ကြားနေသော ထူးချွန်ချို့တဲ့သည့် တက္ကသိုလ်ကျောင်းသား ငါးဦးအားလည်းကောင်း၊ အထက်တန်းနှင့် အလယ်တန်းမှ ကျောင်းသား ကျောင်းသူ ၃၇ဦးအား တစ်လလျှင် ငွေကျပ်သုံးသိန်းလေးသောင်း ထောက်ပံ့နိုင်ခဲ့ပါကြောင်း။

အသင်းနာယက မြွက်ကြားခဲ့သော ဩဝါဒများကို လုပ်ငန်းလမ်းညွှန်အဖြစ်လည်းကောင်း၊ မိမိတို့အားလေ့ကျင့်ပညာပေးခဲ့သော အတွေ့အကြုံဖြင့် မိမိတို့၏ အပြုအမူ၊ အပြောအဆို၊ အကြံအစည်များ၌ ထင်ဟပ်စေ၍လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယကနှင့် နယ်မြေတာဝန်ခံဗဟိုအလုပ်အမှုဆောင်၏ အနီးကပ်ကြီးကြပ်မှုဖြင့် လိုက်နာကျင့်ကြံဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် တင်ပြသည်။ **(သတင်းစဉ်)**

# ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် စိုက်ပျိုးစရိတ်အဆင်ပြေစေရေး ကျေးရွာအရောက်ကွင်းဆင်းဆောင်ရွက်ခဲ့ မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်သူများနှင့်ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့ရာ အစည်းအဝေး ပထမနေ့ဖြစ်သည့် နိုဝင်ဘာ၅ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။

ထိုသို့တင်ပြရာ၌ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်က တင်ပြရာတွင်-

၂၀၀၆ခုနှစ် မေ ၂၉ရက်တွင် မာလာမုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်းအတွင်း အိမ်ခြေ ၉၈၀လုံး၊ လူဦးရေ ၄၉၇၀ လေဘေးသင့်ခံခဲ့ရပြီး လူ ၁၄ဦး သေဆုံးခဲ့ကြောင်း၊ လေဘေးသင့်ပြည်သူများကို ပြည်ခိုင်ဖြိုးဗဟိုဌာနချုပ်ဗဟိုနာယကအဖွဲ့ဝင်တိုင်းမှူး၊ဗဟိုအလုပ်အမှုဆောင်များနှင့် ဧရာဝတီတိုင်းအသင်းတို့မှ အဝတ်အထည်၊ အစားအသောက်၊ အိမ်ဆောက်ပစ္စည်းများနှင့် ပံ့ပိုးငွေ ၁၃၆ ဒသမ ၉၉၃သိန်း လှူဒါန်းနိုင်ခဲ့ခြင်း။

တိုင်းအတွင်း ကြံခင်းမြို့နယ်နှင့် လေးမျက်နှာမြို့နယ်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကျေးရွာ ၃၄ရွာ ရေကြီးနစ်မြုပ်ခဲ့သဖြင့် တိုင်း၊ ခရိုင်၊ မြို့နယ်အတွင်းရှိ အသင်းဝင်များမှ ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အလှူရှင်များဖိတ်ခေါ်၍ ထမင်းထုပ်၊ ရေနှင့်အဝတ်အထည်များ လှူဒါန်းပေးခြင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော ကျောင်းများအား အသစ်ဆောက်လုပ်ပေးခြင်း၊ ရေတွင်း၊ ရေကန်နှင့် စက်ရေတွင်းများအား ရေကောင်းရေသန့်ရရှိရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။



ဧရာဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာ ကာလအတွင်း ရှေ့လုပ်ငန်းစဉ် များ အကောင် အထည် ဖော် နိုင်မှု အခြေ အနေများကို ဧရာဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့် တင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်ပြီး ဧရာဝတီတိုင်းအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုအခြေအနေကို တင်ပြသွားမည်ဖြစ်ကြောင်း။

ပညာရေးကဏ္ဍအနေဖြင့် အခြေခံပညာမူလတန်းကျောင်း ၃၆ကျောင်းကို အသစ်ဆောက်လုပ်ခြင်း၊ ၂၈၆ကျောင်းကို ပြုပြင်ခြင်းများအပြင် ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး ကူညီဆောင်ရွက်ခြင်း၊ ချို့တဲ့ကျောင်းသားကျောင်းသူများအား ပညာသင်စရိတ်ထောက်ပံ့ခြင်း၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ လှူဒါန်းခြင်းစသည့် လုပ်ငန်းများတွင် ထောက်ပံ့ငွေကျပ် ၉၁ ဒသမ ၅သိန်း လှူဒါန်းနိုင်ခဲ့ကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့် ဗဟိုအလုပ်အမှုဆောင် တိုင်းတာဝန်ခံ၏ ပံ့ပိုးမှု၊ အသင်း၏ဆောင်ရွက်မှုတို့ဖြင့် ကျေးလက်ဆေးပေးခန်း ၂၇ခန်းအား ပြုပြင်ဆောက်လုပ်ခြင်း၊ ပရိဘောဂများ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍအနေဖြင့် ဗဟိုအလုပ်အမှုဆောင် တိုင်းတာဝန်ခံ၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် တိုင်းအတွင်း ကျေးရွာချင်းဆက် လမ်းပေါင်း ၁၈၅လမ်း၊ အရှည် ၁၃၄ ဒသမ ၀၆မိုင်ကျော်ကို ဖောက်လုပ်ပေးခြင်း၊ တံတား ၁၀၄စင်းကို ဆောက်လုပ်ပေးခြင်း၊ ကျေးလက်ရေရရှိရေးဆောင်ရွက်ရာတွင် စက်ရေတွင်း ၁၁၈တွင်း၊ ရေကန် ၄၂ကန်နှင့် လက်နှိပ်တုံကင် ၁၈၅တွင်း တူးဖော်ပေးနိုင်ခဲ့ရာ အသင်းမှ ကျပ်သိန်းပေါင်း ၁၅၂၄သိန်းကျော် အကုန်အကျခံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကျေးလက်နေတောင်သူများ၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်နှင့် အသင်းဝင်အမာခံများရရှိရေးအတွက် ဗဟိုဌာနချုပ်၏ ကူညီပံ့ပိုးမှုဖြင့် ဧရာဝတီတိုင်းအတွင်း မြို့နယ် ၁၂မြို့နယ်မှ ကျေးလက်နေ တောင်သူများ စိုက်ပျိုးစရိတ်အဆင်ပြေစေရေးအတွက် ကျေးရွာအရောက် ကွင်းဆင်းနိုင်ခဲ့ပါကြောင်း။

ရရှိပြီးသည့် အားသာချက်များကို ဆက်လက်ထိန်းသိမ်းပြီး အားနည်းချက်များကို ပြန်လည်သုံးသပ်၍ အနာဂတ်တွင် အားသာချက်များဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိအောင် ၁၃နှစ်တာကာလအတွင်းမှ ရရှိသည့် အတွေ့အကြုံကောင်းများကို အသုံးချပြီး ပြည်သူများကို ဦးဆောင်ကာ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့်အောင်မြင်ရေး၊ အသင်းကြီး ကျစ်လျစ်ခိုင်မာရေးအတွက် အသင်းအား ပြည်သူအားနှင့် ပူးပေါင်းဆောင် ရွက်သွားမည်ဖြစ်ကြောင်းဖြင့် တင်ပြသွားသည်။ **(သတင်းစဉ်)**

## မကွေးကောလိပ်ကျောင်းသား ကျောင်းသူဟောင်းများ ပဉ္စမအကြိမ်မြောက် ဆရာကန်တော့ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

မကွေးကောလိပ် (၁၉၆၄-၁၉၇၆) ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ်မြောက် ဆရာကန်တော့ပွဲကို ဒီဇင်ဘာ၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေထည့်ဝင်လိုသူများသည် ဒေါ်ကြည်ကြည်တင် ဖုန်း-၀၉-၅၀၀၅၄၅၀၊ ဦးခင်မောင်အေး ဖုန်း-၀၉-၅၃၄၁၁၄၁၊ ဒေါ်ချိုချိုထွန်း ဖုန်း-၀၂- ၆၄၅၀၅၊ ဦးအေးမောင်ကြည် ဖုန်း-၀၆၁-၅၀၇၅၉ နှင့် ဒေါ်ခင်မြစန်း ဖုန်း-၀၆၂-၂၉၁၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## သန်လျင်မြို့ သာသနာ့ဗိမာန်တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

သန်လျင်မြို့သာသနာ့ကျက်သရေဆောင် သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေး ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ၁၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ၁နာရီခွဲတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## အချိန်အခါမဟုတ်မိုးရွာနိုင်

ရန်ကုန် နိုဝင်ဘာ ၁၀

**ယနေ့ မြန်မာစံတော်ချိန် ညနေ ၃နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများနှင့် အရှေ့ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့် ယနေ့ညနေမှ နောက် ၄၈နာရီအတွင်း ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။**

(သတင်းစဉ်)

## တိမ်အသင့်အတင့်

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။**

# မိမိတို့ဒေသအတွင်းနေ့ညမရွေး နေရာဒေသအားလုံးကိုလုံခြုံစွာသွားလာနိုင် ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်ဖြင့်တိုးတက်အောင်မြင်နေပြီဖြစ် လူငယ်ထုအားအနာဂတ်၏စွမ်းအားစုများဖြစ်အောင်လေ့ကျင့်ပျိုးထောင်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၄ရက်မှ ၈ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။



**ကချင် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်း တင်ပြစဉ်။**
(သတင်းစဉ်)

ထိုသို့တင်ပြရာ၌ ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ကချင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်ဝင်းက တင်ပြရာတွင် ကချင်ပြည်နယ်သည် ယခင်က တည်ငြိမ်အေးချမ်းမှုမရှိခဲ့ သော်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများဖြစ်ကြသည့် ကချင်အထူးဒေသ(၁) အင်ဒီအေ အဖွဲ့နှင့် အထူးဒေသ(၂) ကေအိုင်အိုအဖွဲ့တို့သည် ၁၉၈၉ခုနှစ်နှင့် ၁၉၉၄ ခုနှစ်ငြိမ်းချမ်းရေး ရယူနိုင်ခဲ့သည့်အတွက် တည်ငြိမ်အေးချမ်းမှု အရသာကို ပြည်နယ်သူ ပြည်သားများ ရရှိခံစားနေရပြီ ဖြစ်ကြောင်း။

ကချင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့အသင်းကြီးသည် နိုင်ငံတော်၏ အစီအမံများအတိုင်း နယ်စပ်ဒေသပါမကျန် တိုင်းရင်းသားပြည်သူများနှင့်လက်တွဲပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းခြင်း၏ အကျိုးရလဒ်မှတ်တိုင်အဖြစ် ယခင်က တောရွာသာဖြစ်ခဲ့သည့် လိုင်ဇာ၊ ပန်ဝါရွာများသည် လိုင်ဇာမြို့၊ပန်ဝါမြို့များဟူ၍ ဖြစ်ပေါ်လာပြီး ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပြီ ဖြစ်ကြောင်း။

ယင်းဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များကို ဟန့်တားနှောင့်ယှက်နေသည့် ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်နိုင်ရန် ပြည်သူတစ်ရပ်လုံးကို စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ယခုအခါ မိမိတို့ဒေသအတွင်း ကျားမ မရွေး၊ လူကြီးလူငယ်မရွေး၊ နေ့ညမရွေး နေရာဒေသအားလုံးကို လုံခြုံစွာသွားလာနိုင်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်မှုများသည် အရှိန်အဟုန်ဖြင့် တိုးတက်အောင်မြင်နေပြီ ဖြစ်ကြောင်း၊ စိတ်ကူးဖြင့်ပင် မယဉ်ခဲ့သည့် ဗလမင်းထင် ဧရာဝတီမြစ်ကူး တံတားကြီးကို ဖြတ်ကျော်သည့်အခါတိုင်း အိပ်မက်မက်သကဲ့သို့ ခံစားရပါကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းလူငယ်ထုသည် အနာဂတ်၏ အရင်းအနှီး၊ လူ့စွမ်းအားအရင်းအနှီးများဖြစ်သည့်အလျောက် အခြေခံကျသည့် စွမ်းအားစုများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း။

လူငယ်ထုအင်အားဖြင့် အသင်းစည်းရုံးရေးလုပ်ငန်းစဉ်များ ပိုမိုကျယ်ပြန့်လာစေရေးအတွက် လူငယ်ရေးရာအဖွဲ့များကိုဖွဲ့စည်းခဲ့ရာ ပြည်နယ်၊ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ကျေးရွာအဖွဲ့ပေါင်း ၅၃၆ဖွဲ့၊ တက္ကသိုလ်၊ကောလိပ်၊ စက်မှုလက်မှုသိပ္ပံ လူငယ်ရေးရာအဖွဲ့ပေါင်း ၅၈ဖွဲ့၊ အလယ်တန်း၊ အထက်တန်း ၁၃၃ဖွဲ့တို့ကို ဖွဲ့စည်းပြီး လူငယ်ရေးရာ စဉ်တိုက်လှုပ်ရှားမှုများတွင် ခါနွေဦး၊ ဝသန်ဦး၊ ဟေမာန်ဦး ကဏ္ဍအလိုက် အကြိမ်ပေါင်း (၂၂၀) အသင်းဝင် လူငယ် ၈၂၅၅ ဦးနှင့် အသင်းရန်ပုံငွေကျပ် ၆၇၅၆၄၉၀ ပါဝင်ပြီး ဆောင်ရွက်ခဲ့ကြောင်း၊ ယခုနှစ် ခါနွေဦးကာလတွင် တိုင်းနှင့်ပြည်နယ်လူငယ် ၅၆ဦးနှင့် ဒေသခံလူငယ် စုစုပေါင်း ၁၄၄ ဦးဖြင့် ပူတာအိုခရိုင် ဖုန်ကန်ရာဇီ ရေခဲတောင်တက်ခရီးစဉ်ကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးက ချမှတ်သည့် ရှေ့လုပ်ငန်းစဉ်များကို ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်းပြီး အောင်မြင်စွာ ကြိုးပမ်းစည်းရုံး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသွားသည်။

**(သတင်းစဉ်)**

## ကျိုက်ထို ဇောတိကာရုံပရိယတ္တိစာသင်တိုက် (၂၅)နှစ်ပြည့် ငွေရတုမင်္ဂလာကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၀**

ပဲခူးတိုင်း သာယာဝတီမြို့ ကွက်သစ်ရပ်ကွက် ကျိုက်ထိုဇောတိကာရုံ ပရိယတ္တိစာသင်တိုက်၏ (၂၅)နှစ်ပြည့် ငွေရတုအခမ်းအနားနှင့် အာစရိယပူဇော်ပွဲကို တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် (နိုဝင်ဘာ ၁၅ ရက်)မှ တန်ဆောင်မုန်း လကွယ် (နိုဝင်ဘာ ၁၉ရက်)အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပ မည်ဖြစ်ကြောင်း သိရသည်။

**(က-ပ)**

## ဂျီတီအိုင်ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၀**

ဂျီတီအိုင် ကျောင်းသား ကျောင်းသူဟောင်းများစုပေါင်း၍ ဂျီတီအိုင်ကျောင်းများမှ အငြိမ်းစားယူသွားကြသော အသက် ၆၀ပြည့် ဆရာကြီး ဆရာမကြီးများအား (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရွှေကျင်နိကာယ ဓမ္မဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဦးရန်ဝင်း ဖုန်း-၂၄၁၉၀၅၊ ဦးကြည်လင်း ဖုန်း-၂၅၂၅၈၅၊ ဦးဇော်ဝင်း ဖုန်း-၅၅၈၂၉၄၊ ဦးတင်အေး ဖုန်း-၀၉ ၅၀၀၃၇၈၂၊ ဦးကျော်ကျော်စိုး ဖုန်း-၅၀၅၉၆၉၊ဦးမောင်မောင်အုန်းမြင့် ဖုန်း-၀၉ ၅၀၁ ၅၆၇၈နှင့် ဦးခင်ဇ(ရုံးအဖွဲ့မှူး) ဖုန်း- ၅၃၀၀၄၉တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**(က-ပ)**



**အမှတ် ၁၄ အင်းလျားရိပ်သာလမ်း မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်ညွန့်ရင် (ခေတ္တ-အင်္ဂလန်)က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ငွေပဒေသာပင် ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။** (က-ပ)

# ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ပေးနိုင်မှုကြောင့် ဒေသတိုးတက်တည်ငြိမ်အေးချမ်းမှု အကျိုးများရရှိလာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆတက်ထမ်းပိုးဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁၀**

နိုဝင်ဘာ ၄ ရက်မှ ၈ ရက်ထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေး ဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ အစည်း အဝေး ပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်း စဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။

ထို့သို့တင်ပြရာ၌ ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော် နိုင်မှုအခြေအနေများကို ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင်ဒေါ်နျားမြာကတင်ပြရာတွင်-



**ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ကယား ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအလုပ်အမှုဆောင် ဒေါ်နျားမြာ တင်ပြစဉ်။**
(သတင်းစဉ်)

မိမိတို့အသင်းကြီးအနေဖြင့် အသင်းဝင်လူငယ်လူရွယ်များ အရည်အချင်း ပြည့်ဝလာစေရန်နှင့် အမျိုးသားရေးဝါဒ၊ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကား ပြန့်ပွားလာစေရန် ရည်ရွယ်ချက်နှင့် သင်တန်းအမျိုးမျိုး ဖွင့်လှစ်ကာ လေ့ကျင့် ပျိုးထောင်ပေးလျက်ရှိကြောင်း၊ တစ်နှစ်တာအတွင်း ပြည်နယ်အနေဖြင့် မြန်မာ့ ဖွံ့ဖြိုးရေးလေ့လာမှုဆင့်ပွားသင်တန်း၊ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာ သင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်း၊ အမှုဆောင်များစီမံခန့်ခွဲရေး ဆင့်ပွား သင်တန်း၊ ဂီတသုခုမသင်တန်း၊ အသုံးလုံးသင်တန်း၊ နွေရာသီ အားကစားနည်းမျိုးစုံ သင်တန်း၊ ကယားစာပေနှင့် ယဉ်ကျေးမှုသင်တန်းများကို ဖွင့်လှစ်သင်ကြား ပေးလျက်ရှိရာ ကယားပြည်နယ်တစ်ပြည်နယ်လုံးနေရာပေါင်း ၄၀၆နေရာတွင် အသင်းဝင်ပေါင်း ၂၆၇၅၇ ဦးကို လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့ကြောင်း။

အသင်းစည်းရုံးရေးလုပ်ငန်းနှင့် ဆက်နွှယ်နေသည့် ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ပေးနိုင်မှုများကြောင့်လည်း မိဘပြည်သူများ အသင်း အပေါ် ယုံကြည်ကိုးစားပြီး ဒေသတိုးတက်တည်ငြိမ်အေးချမ်းမှု အကျိုးများရရှိ လာကြောင်း။

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်မှ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ နိုင်ငံတကာအတွေ့အကြုံရရှိစေရန်၊ နိုင်ငံတကာ လူငယ်အချင်းချင်း ရင်းနှီးချစ်ကြည်မှု ပိုမိုတိုးပွားစေရန် ရည်ရွယ် ချက်နှင့် ပြည်ပနိုင်ငံများသို့ ရွေးချယ်စေလွှတ်ခဲ့ရာ အစီရင်ခံသည့် ကာလအတွင်း လေးဦးစေလွှတ်နိုင်ခဲ့ကြောင်း။

လူငယ်လူရွယ်ထုများအတွင်း ပိုမိုထိရောက်စွာ စည်းရုံးဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ရပ်ကွက်နှင့် ကျေးရွာအသီးသီးရှိ တက်ကြွလှုပ်ရှားပြီး ဦးဆောင် ဦးရွက်ပြုနိုင်သော လူငယ်လူရွယ်များဖြင့် လူငယ်အင်အားစုကို စနစ်တကျ ဖွဲ့စည်းပေးကာ ရပ်ရေးရွာရေး၊ ကျေးလက်ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များတွင် အင်တိုက်အားတိုက် ပါဝင်စည်းရုံး ဆောင်ရွက်သွားနိုင်ရေးအတွက် စီမံချက် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် မရှိဆင်းရဲနွမ်းပါးသူများအား ဆေးကုသစရိတ် ထောက်ပံ့ပေး ခြင်းများ၊ နာရေးကူညီမှုပြုခြင်း၊ ဘေးဒုက္ခသည်များကူညီပေးခြင်းနှင့် ခွဲစိတ် ကုသလူနာများအတွက် သွေးလှူဒါန်းခြင်း၊ အဝတ်အထည်များ ပေးကမ်းလှူဒါန်း ခြင်း၊ လူငယ်များ ကာယဉာဏတိုးပွားရန်အတွက် ဘောလုံးအားကစားပြိုင်ပွဲ များ ကျင်းပပေးခြင်း၊ နေ့ကြီးရက်ကြီးများတွင် အခမ်းအနားများကျင်းပခြင်း၊ တက်ရောက်ခြင်းများကို အသင်းအဆင့်ဆင့်မှ အခြားလူမှုရေးအသင်းအဖွဲ့ များနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ကယားပြည်နယ်အသင်းအနေဖြင့် ၂၀၀၅-၂၀၀၆ ခုနှစ်တွင် အထူးဆောင် ရွက်ခဲ့သည့် လူမှုရေးလုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် လွိုင်ကော်အကျဉ်းထောင်၌ အကျဉ်းကျနေသော အကျဉ်းသား ၆၀၀ခန့်ကို ငါးကြိမ် အစားအသောက် များကျွေးမွေးခြင်းနှင့် အခြားလူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း။

နိဂုံးချုပ်အနေဖြင့် ကယားပြည်နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအဆင့်ဆင့်သည် နှစ်စဉ်သင်းလုံးကျွတ် အစည်းအဝေးများကချမှတ်သော လုပ်ငန်းစဉ်(၉)ရပ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ နှစ်ပတ် လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) ဦးတည်ချက် (၇)ရပ်နှင့် အသင်း နာယက၏ ဩဝါဒများကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူပြီး နယ်မြေတာဝန်ခံ ဗဟိုအလုပ်အမှုဆောင်နှင့် ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌတို့၏ အနီးကပ်ကြီးကြပ်မှုနှင့် အသင်းလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိပြီး ကျစ်လျစ်ခိုင်မာသည့်အသင်း၊ တိုင်းရင်းသားပြည်သူ တစ်ရပ်လုံး အားထားရသောအသင်း ဖြစ်လာရေးအတွက် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆတက်ထမ်းပိုး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြသွား သည်။

**(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

## ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲယှဉ်ပြိုင် အင်တာမီလန်နှင့် နာပိုလီတို့ အနိုင်ရရှိ

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ရောမ နိုဝင်ဘာ ၁၀

**ကိုပါအီတာလီယာဖလားဘောလုံးပြိုင်ပွဲများကို နိုဝင်ဘာ ၉ရက်က ဆက်လက်ကစားရာ နာပိုလီနှင့် ပါးမားတို့ပွဲတွင် နာပိုလီက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး မက်ဆီနာနှင့် အင်တာမီလန်တို့ပွဲတွင် အင်တာမီလန်က တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။**

### မက်ဆီနာနှင့် အင်တာမီလန်

မက်ဆီနာကွင်း၌ ကစားရသော်လည်း အင်တာမီလန်တို့ အနိုင်ရအောင် ကစားနိုင်ခဲ့သည်။ အင်တာမီလန်တို့က ၅-၄-၁ပုံစံဖြင့် ခင်းကျင်းကာ တိုက်စစ်မှူး ဂျူလီရိုခရုဇ်ကို တစ်ဦးတည်း ရှေ့တန်း၌ ထားရှိကာ ကစားခဲ့သည်။

### ဟန့်တား

မက်ဆီနာသည် ဒီနာပိုလီနှင့် ဖလိုကာရီတို့ကို တိုက်စစ်မှူးများအဖြစ် ထားရှိကာကစားခဲ့သော်လည်း သေချာပေါက်ဂိုးများကို မသွင်းယူနိုင်ခဲ့ချေ။ ဗီဇီ၊ မက်ဆီလို၊ အိုဂါဆာဝါရာတို့က ကွင်းလယ်မှ ဖြတ်တင်ဘောများဖြင့် တိုက်စစ်ကို အားဖြည့်ခဲ့သော်လည်း အင်တာမီလန်နောက်တန်းခံစစ်မှူးများဖြစ်သည့် ဂရိဆို၊ မက်ဝဲလ်၊ ဆမ်မြူရယ်၊ ဘူဒီဆိုတို့က ဟန့်တားခဲ့မှုကြောင့် အပိုင်ဂိုးသွင်းခွင့်များ မရရှိဘဲ ဖြစ်ခဲ့ရသည်။



**မက်ဆီနာနှင့် အင်တာမီလန်တို့ပွဲတွင် မက်ဆီနာမှ ဖလော့ကာရီ(ဝဲ)နှင့် အင်တာမီလန်မှ နီကိုလက်စ်အင်ဒရက်ခ်တို့ ဘောလုံးရရှိရေး ကြိုးပမ်းစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

### သွင်းယူ

ပွဲချိန် မိနစ် ၄၀တွင် အင်တာမီလန် တိုက်စစ်မှူးဂျူလီရိုခရုဇ်က တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သဖြင့် အင်တာမီလန်တို့ တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

### နာပိုလီနှင့် ပါးမား

ပါးမားတိုက်စစ်မှူး ပါပွန်နီက နာပိုလီ နောက်တန်းကို နေရာမျိုးစုံမှ ထိုးဖောက် ကစားသော်လည်း ကင်နာဗာရိုဦးဆောင်သည့် နာပိုလီနောက်တန်းက ဟန့်တားဖျက်ထုတ်ခံနိုင်ခဲ့မှုကြောင့် ဂိုးသွင်းခွင့် အခွင့်အရေးနည်းပါးခဲ့ရသည်။

### အားဖြည့်ကစား

နာပိုလီမှ ကွင်းလယ်ကစားသမား ဂတ်တီ၊ ဗီတာလီ၊ ဘိုနာတို့က တိုက်စစ်ကိုပါ လိုက်ပါ အားဖြည့်ကစားနိုင်ခဲ့မှုကြောင့် ပွဲချိန် ၆၈မိနစ်တွင် ပယ်နယ်တီ ပြစ်ဒဏ်ဘော နာပိုလီတို့ ရရှိခဲ့သည်။ ၎င်းပယ်နယ်တီ ပြစ်ဒဏ်ဘောကို နာပိုလီမှ ခရစ်စတင်းဘူချီက သွင်းယူခဲ့သဖြင့် နာပိုလီတို့ အနိုင်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။

### ရှုံးနိမ့်

ပါးမားတို့ ပွဲချိန်ပြည့်သည်အထိ ဂိုးမသွင်းနိုင်ခဲ့မှုကြောင့် နာပိုလီကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ရခြင်း ဖြစ်သည်။

**(အင်တာနက်)**

## ဆယ်ကျော်သက်ကစားသမား ဖရက်ဒီအဒူကို မန်ယူက ခေါ်ယူရန် စိတ်ဝင်စားနေ

**လန်ဒန် နိုဝင်ဘာ ၁၀**

မန်ချက်စတာယူနိုက်တက်အသင်းသည် အမေရိကန် ဆယ်ကျော်သက်ကစားသမား ဖရက်ဒီအဒူကို စိတ်ဝင်စားနေကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

### စိတ်ဝင်စား

ဖရက်ဒီအဒူသည် အသက် ၁၇နှစ်သာရှိသေးပြီး လက်ရှိ၌ မေဂျာလိဂ်အသင်းဖြစ်သည့် ဒီစီယူနိုက်တက်တွင် ကစားနေသူဖြစ်သည်။ သို့သော်လည်း ဖရက်ဒီအဒူအား ပရီမီယာလိဂ်အသင်းကြီးများက စိတ်ဝင်စားလျက်ရှိရာ ချယ်လ်ဆီးကလပ်လည်း အပါအဝင်ဖြစ်သည်။

### ဆက်သွယ်

ဖရက်ဒီအဒူက လာမည့် ဇန်နဝါရီလ အပြောင်းအရွှေ့ကာလအတွင်း ပရီမီယာလိဂ်အသင်း တစ်သင်းသင်းနှင့် အဆက်အသွယ်ပြု ပြောင်းရွှေ့ရန် စိတ်ဝင်စားနေရာ မန်ယူထက် ချယ်လ်ဆီးကို ပိုစိတ်ဝင်စားနေကြောင်း သိရသည်။

ဖရက်ဒီအဒူသည် အသက်၁၄နှစ်အရွယ်ကပင် ဒီစီယူနိုက်တက်တွင် ကစားခဲ့သူဖြစ်သည်။

**(အင်တာနက်)**



**မန်ယူက စိတ်ဝင်စားနေသော လူငယ်ကစားသမား ဖရက်ဒီအဒူ၏ ကစားဟန်။** (ဓာတ်ပုံ-အင်တာနက်)

## မန်ယူနှင့်ချယ်လ်ဆီးတို့ နိုင်ပွဲရလဒ် မှန်းဆနိုင်သော်လည်း အာဆင်နယ်နှင့် လီဗာပူး ထိပ်တိုက်ရင်ဆိုင်ကစားရမည်

စုစည်းတင်ပြသူ
မြင့်မောင်စိုး

လန်ဒန် နိုဝင်ဘာ ၁၀

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲပွဲစဉ်(၁၂)ကို နိုဝင်ဘာ ၁၁ရက်နှင့် ၁၂ရက် ညများတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ နာမည်ကြီးအသင်းများဖြစ်ကြသည့် မန်ယူနှင့် ချယ်လ်ဆီးတို့ နိုင်ပွဲရလဒ်များ မှန်းဆနိုင်သော်လည်း အာဆင်နယ်နှင့် လီဗာပူးတို့မှာ ထိပ်တိုက် ရင်ဆိုင်ကစားရမည်ဖြစ်၍ ပွဲကျပ် ဖြစ်နေသကဲ့သို့ ပွဲကောင်းတစ်ပွဲလည်း ဖြစ်နိုင်သည်။

**အောင်ပွဲခံ**

**မန်ယူမှ ဗီဒစ်၊ ဖာဒီနန်နှင့် စီရိုနယ်ဒိုတို့ ပို့စ်မောက်အသင်းကို အနိုင်ရပြီး ဤသို့ အောင်ပွဲ ခံခဲ့ကြသည်။**
(ဓာတ်ပုံ-အင်တာနက်)



နိုဝင်ဘာ ၁၁ရက်တွင် မန်စီးတီးနှင့် နယူးကာဆယ် အသင်းတို့ ပွဲသည် မြန်မာစံတော်ချိန် ညနေ ၆နာရီ၁၅ မိနစ်တွင်လည်းကောင်း၊ ချယ်လ်ဆီးနှင့် ဝက်ဖို့ဒ်၊ အဲဗာတန်နှင့် ဗီလာ၊ မစ်ဒယ်ဘရော့နှင့် ဝက်စ်ဟမ်း၊ ပို့စ်မောက်နှင့် ဖူလ်ဟမ်၊ ရှက်ဖီးနှင့် ဘောလ်တန်၊ ဝီဂန်နှင့် ချာလ်တန်တို့သည် မြန်မာစံတော်ချိန် ည ၈နာရီခွဲတွင်လည်းကောင်း၊ ဘလက်ဘန်းနှင့် မန်ယူအသင်းတို့သည် ည ၁၀နာရီ၄၅မိနစ်တွင်လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။



**ချယ်လ်ဆီးလ် တိုက်စစ်မှူး ရှက်ဗ်ချင်ကို၏ ထိုးဖောက်ကစားဟန်။** (ဓာတ်ပုံ-အင်တာနက်)

နိုဝင်ဘာ ၁၂ရက်တွင် ရက်ဒင်းနှင့် စပါးတို့သည် မြန်မာစံတော်ချိန် ည ၇နာရီတွင်လည်းကောင်း၊ အာဆင်နယ်နှင့် လီဗာပူးတို့သည် ည ၉နာရီခွဲ၌လည်းကောင်း အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**မန်စီးတီး-နယူးကာဆယ်**

ယင်းတို့နှစ်သင်းသည် သရေပွဲဖြစ်နိုင်သည်။ မန်စီးတီးအသင်းမှာ အိမ်ကွင်းခြေစွမ်းပြတတ်သည်။ သို့သော်လည်း နယူးကာဆယ်တို့ ကားလင်းဖလား ပြိုင်ပွဲတွင် ဝက်ဖို့ဒ်ကို အနိုင်ရလိုက်၍ ၎င်း၏ အောင်မြင်မှုကို မြှင့်တင်ကစားလိမ့်မည် ဖြစ်သည်။

ဂိုးခန့်မှန်းချက် ၁-၁

**ချယ်လ်ဆီး-ဝက်ဖို့ဒ်**

ပြီးခဲ့သောအပတ်က တော့တင်ဟမ်ကို ရှုံးနိမ့်သော ချယ်လ်ဆီးတို့ မေ့ထားနိုင်လိမ့်မည် မဟုတ်ပေ။ ချယ်လ်ဆီးတို့ တောင့်တင်းခိုင်မာမှုကို အိမ်ကွင်း၌ ပြသနိုင်လိမ့်မည်ဖြစ်သည်။ သို့သော်လည်း ဝက်ဖို့ဒ်တို့ ပြီးခဲ့သောအပတ်က ပထမဆုံးသောအနိုင်ပွဲကို စတင်နိုင်ခဲ့သည်။ ယခုအပတ်တွင် ထိုအောင်မြင်မှုကို ဝက်ဖို့ဒ်တို့ ဆက်ထိန်းရန်မလွယ်ပါချေ။

ဂိုးခန့်မှန်းချက် ၂-၀

**အဲဗာတန်-အက်စ်တွန်ဗီလာ**

ယင်းနှစ်သင်းသည် စိတ်ဝင်စားဖွယ်ရာ ပွဲများထဲမှ တစ်ပွဲဖြစ်သည်။ ၎င်းတို့သည် မကြာမီက ခြေစွမ်းပြလာခဲ့သည့် အသင်းများဖြစ်သည်။ နှစ်သင်းစလုံးခက်ခဲစွာ ကစားရမည် ဖြစ်သည်။ အဲဗာတန်အိမ်ကွင်း၌ အသာရနိုင်သည်။

ဂိုးခန့်မှန်းချက် ၁-၀

**မစ်ဒယ်ဘရော့-ဝက်စ်ဟမ်း**

ဝက်စ်ဟမ်းမန်နေဂျာ အလန်ပါဂျူးသည် လွန်ခဲ့သောနှစ်ပတ်က ရှုံးပွဲများကြောင့် ဖိအားပေးခဲ့ခံနေရသည်။ သို့သော်လည်း အာဆင်နယ် အသင်းကိုနိုင်ခဲ့၍ ဝက်စ်ဟမ်းတို့ စိတ်ဓာတ်တက်ကြွနေကြသည်။ သို့သော် မစ်ဒယ်ဘရော့အသင်းသည်လည်း ဝက်စ်ဟမ်းကဲ့သို့ ခြေတူအနေအထားတွင် ရှိသည်။ ဝက်စ်ဟမ်းတို့ အဝေးကွင်းကစားမည် ဖြစ်သော်လည်း ဖိကစားနိုင်ဖွယ်ရှိသည်။

ဂိုးခန့်မှန်းချက် ၁-၂

**ပို့စ်မောက်-ဖူလ်ဟမ်**

ပို့စ်မောက်အသင်းသည် ဒဏ်ရာရထားသော ကစားသမားများကြောင့် ရှန်းကန်နေရသည်။ သို့သော်လည်း အိမ်ကွင်း ရလဒ်ကောင်းတတ်သည်။ ဖူလ်ဟမ်တို့ ကံကောင်းထောက်မ၍ အဲဗာတန်ကို နိုင်ခဲ့ခြင်း ဖြစ်သည်။

ဂိုးခန့်မှန်းချက် ၂-၀

**ရှက်ဖီး-ဘောလ်တန်**

ဘောလ်တန်အသင်းသည် အိမ်ကွင်း၌ မန်ယူနှင့် ဝီဂန်တို့ကို ရှုံးနိမ့်ခဲ့သော်လည်း အဝေးကွင်း၌ နိုင်ပွဲ ပြန်စနိုင်လိမ့်မည်ဖြစ်သည်။

ဂိုးခန့်မှန်းချက် ၁-၂

**ဝီဂန်-ချာလ်တန်**

ဝီဂန်အသင်းသည် ကစားသမားအသစ်များဖြင့် စတင်ကစားလျက်ရှိသည်။ ထိုကစားသမား အသစ်များသည် ဝီဂန်တို့ သုံးပွဲဆက်တိုက် အနိုင်ရထားသည်။ ချာလ်တန်အသင်းမှာလည်း ကားလင်းဖလားနောက်ဆုံး ရှစ်သင်းတက်လာ၍ စိတ်ဓာတ်ကြံ့ခိုင်နေသည်။ ယင်းတို့နှစ်သင်း၏ အားပြိုင်မှုမှာ သရေပွဲဖြစ်သွားနိုင်သည်။

ဂိုးခန့်မှန်းချက် ၁-၁

**ဘလက်ဘန်း-မန်ယူ**

ဘလက်ဘန်းအသင်းသည် မန်ယူကို အိမ်ကွင်း၌ လက်ခံကစားတိုင်း အမှားအယွင်းများလေ့ရှိသည်။ မန်ယူတို့ကလည်း ကားလင်းဖလားကို လက်လွှတ်ခဲ့ရသည်။ ဘလက်ဘန်းတို့ ဒဏ်ရာရကစားသမားများကြောင့် ခြေစွမ်းပျောက်နေသည်။

ဂိုးခန့်မှန်းချက် ဝ-၂

**အာဆင်နယ်-လီဗာပူး**

အာဆင်နယ်အသင်းသည် အီးမရိတ်ကွင်းသစ်ကြီး၌ ရှန်းကန် ကစားနေရသည်။ အက်စ်တွန်ဗီလာ၊ အဲဗာတန်နှင့် မစ်ဒယ်ဘရော့တို့ကဲ့သို့ အဝေးကွင်းရလဒ်မကောင်းခဲ့သော်လည်း လီဗာပူးမှာ အဝေးကွင်းရလဒ် ကောင်းတတ်သည်။ သို့သော်လည်း အာဆင်နယ် အသာရနိုင်သည်။ ။

ဂိုးခန့်မှန်းချက် ၂-၀

**(အင်တာနက်)**

# ပြည်သူတို့အား အသိပညာ ဗဟုသုတများစွာပေးမည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပြပွဲ



**"ပြည်သူတွေကို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ပတ်သက်ပြီး ကျယ်ကျယ်ပြန့်ပြန့် သိရှိစေချင်တယ်။ အရက်သေစာသောက်ပြီးတော့ ယာဉ်မမောင်းသင့်ဘူး"** (ဒုတိယရဲမှူးကြီးအောင်နိုင်)

**ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)**

**ရန်ကုန် နိုဝင်ဘာ ၁၀**

ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် မော်တော်ယာဉ် မတော်တဆဖြစ်မှုများ တစ်ဟုန်ထိုး များပြားလာလျက်ရှိသည်။ ပျက်စီးမှု၊ သေဆုံးမှုများ အချိန်တိုကာလ အတွင်း လျင်မြန်စွာဖြစ်ပေါ်လျက်ရှိရာ သက်ဆိုင်ရာနိုင်ငံအသီးသီးက မော်တော်ယာဉ်မတော်တဆဖြစ်မှု လျော့နည်းကျဆင်းရေးကို ဆောင်ရွက်လျက်ရှိနေသည်။

## ခင်းကျင်းပြသ

ထို့အတူ မြန်မာနိုင်ငံတွင်လည်း မော်တော်ယာဉ် မတော်တဆဖြစ်ပွားမှုများ လျော့ကျစေရေးအတွက် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဖွဲ့စည်းကာ ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများရရှိခဲ့သည်။ ယခုအခါ မော်တော်ယာဉ်မတော်တဆဖြစ်မှုမှ ကင်းဝေးရေးနှင့် ပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာစေမှု ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နိုဝင်ဘာ ၈ရက်မှ ၁၂ရက် အထိခင်းကျင်းပြသလျက်ရှိသည်။

## မေးမြန်း

မြန်မာ့အလင်းသတင်းအဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲကျင်းပရာ တပ်မတော်ခန်းမသို့သွားရောက်ကာ ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဒုတိယရဲမှူးကြီးအောင်နိုင် (ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး)နှင့်တွေ့ဆုံကာ သိလိုသည်များကို မေးမြန်းခဲ့သည်။

## သုံးကြိမ်ရှိပြီ

ဒုတိယရဲမှူးကြီးအောင်နိုင်က "ပြပွဲပြုလုပ်တာ သုံးကြိမ်ရှိပါပြီ၊ ပထမအကြိမ်က ၂၀၀၁ခုနှစ် နိုဝင်ဘာ၁၄ရက်မှ ၁၈ရက်အထိ ရန်ကင်းစင်တာမှာ ပြုလုပ်ခဲ့ပြီး၊ ဒုတိယအကြိမ်ကတော့ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရုံးချုပ်မှာ ၂၀၀၄ခုနှစ် ဒီဇင်ဘာ၂၃ရက်မှာ ပြုလုပ်ခဲ့တာပါ။ ဒုတိယအကြိမ်မှာတုန်းကတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ပတ်သက်တဲ့ ပြိုင်ပွဲတွေပြုလုပ်ပြီး ဆုချီးမြှင့်ခြင်းအခမ်းအနားပြုလုပ်ခဲ့ပြီး ပြခန်းတော့ မပြသခဲ့ပါဘူး။ အခု တတိယအကြိမ်မှာတော့ စနစ်တကျခင်းကျင်းပြထားခြင်းဖြစ်ပါတယ်"ဟု ပထမဦးစွာ မြန်မာ့အလင်းသို့ ဦးစွာရှင်းပြသည်။

## အသိပေး

ယခုပြပွဲ၌ ပါဝင်ပြသထားသော ပြခန်းအရေအတွက်နှင့် ပတ်သက်ပြီး မေးမြန်းရာ "စုစုပေါင်း ၁၀၀ကျော်ရှိပါတယ်။ ဌာနပေါင်းစုံပြခန်း ၄၇ခန်း၊ ပုဂ္ဂလိကပြခန်း ၆၀နဲ့ စက်မှုဇုန်တွေက ပြခန်း ၄၃ခန်းပါရှိတယ်။ ဒီပြခန်းတွေအားလုံးဟာ ယဉ်စည်းကမ်း၊ လမ်းစည်းကမ်းနဲ့ ဆက်စပ်နေတာတွေချည်းပါပဲ။ ဒီလိုပူးပေါင်းပါဝင်ပြသလို့လည်း အခုလို ပြည့်ပြည့်စုံစုံနဲ့ ပြည်သူတွေကို အသိပေးနိုင်ခြင်းဖြစ်ပါတယ်"ဟု ဒုတိယရဲမှူးကြီးအောင်နိုင်က ဆက်လက်ရှင်းပြသည်။

## ဆောင်ရန်ရှောင်ရန်

ဆက်လက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ပြည်သူတွေလိုက်နာရန် ပြခန်းအတွင်း အသိပေးထားမှုနှင့်ပတ်သက်၍လည်း "ဒီမှာ ပညာပေးပြခန်းအနေနဲ့ ကာတွန်းပညာပေးရုပ်သံအစီအစဉ်တွေပြသပေးနေတယ်။ မြန်မာ့အသံနဲ့ မြဝတီတို့ကလည်း မကြာခဏထုတ်လွှင့်ပေးနေပါတယ်။ ဆောင်ရန်၊ ရှောင်ရန်တွေ အကုန်ပါတယ်။ ဒါကို မပြတ်တမ်းပြသပေးနေပါတယ်"ဟု ၎င်းက မြန်မာ့အလင်းသို့ ရှင်းပြသည်။

တစ်ဖန် ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့်ပတ်သက်၍ ထူးထူးခြားခြား စီစဉ်ဆောင်ရွက်မှုများကို မေးမြန်းရာ "ယာဉ်မတော်တဆဖြစ်မှုကြောင့် မသေသင့်ဘဲ မသေရအောင် ရန်ကုန်မှာ မကြာမီ အကောင်အထည်ဖော်မယ့် အရေးပေါ်လူနာတင်ယာဉ် တစ်စီးကို ၂၄နာရီထားရှိခြင်း ဖြစ်ပါတယ်။ ဒီမော်တော်ယာဉ်ပေါ်မှာ အောက်ဆီဂျင်ဘူး၊ ချွဲစုပ်စက်၊ နှလုံးနှိုးစက်တွေကအစ ပါရှိမှာဖြစ်တဲ့အပြင် ဆရာဝန်တစ်ဦး၊ သူနာပြုတစ်ဦးနဲ့ သူနာပြုအတတ်ကို တတ်မြောက်ထားတဲ့ ယာဉ်မောင်းတို့ အမြဲထားရှိမှာဖြစ်ပါတယ်။ နောက်ပိုင်းမှာ



**"မိုင်နှုန်းမြင့်မောင်း နှင် တဲ့ မော် တော် ယာဉ် တွေ ကို ဒီလို ဗီဒီယို စက်လေးတွေ နဲ့ ရိုက်ယူပြီး စစ်ဆေးသွားမယ်"**ဟုရှင်းပြသည်။ (သွန်းနဒီဇော်)

**ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)**

ယာဉ်မောင်းသင်တန်းတွေမှာ ရှေးဦးသူနာပြုနည်းကိုလည်း သင်ကြားပေးဖို့အတွက် ဆောင်ရွက်မှာဖြစ်ပါတယ်။ နောက်ပြီး မော်တော်ယာဉ်တိုင်းမှာ မီးသတ်ဘူးတွေ ထားရှိမှာဖြစ်ပါတယ်။ ယာဉ်မတော်တဆမီးလောင်လျှင် အရေးပေါ်ငြိမ်းသတ်လို့ရအောင် စီစဉ်ရမှာဖြစ်ပါတယ်"ဟုလည်း စိတ်ရှည်လက်ရှည်ရှင်းပြသည်။

## သတိပေးမည်

တစ်ဖန် အရက်သေစာသောက်သုံးမှုနှင့် ယာဉ်မောင်းမှု မစပ်အပ်ပုံ၊ မော်တော်ယာဉ်များ အမိုးပေါ်နှင့်အတွင်း၌ မိုင်နှုန်းတိုင်းအချက်ပြကိရိယာ တပ်ဆင်မည့်အကြောင်း၊ မိုင်နှုန်း ပိုမိုမောင်းမိလျှင် အချက်ပြသတိပေးမည်ဖြစ်ကြောင်းလည်း ရုပ်ပုံကားချပ်များဖြင့် ပြသထားမှုကို ဒုတိယရဲမှူးကြီးအောင်နိုင်က လိုက်လံရှင်းပြသည်။

တပ်မတော်ပြခန်းအတွင်း လာရောက်လေ့လာသူများ၊ ခင်းကျင်းပြသထားသောပြခန်းများဖြင့် စည်ကားလျက်ရှိရာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြခန်းတွင် ယာဉ်ထိန်းတပ်ဖွဲ့ဝတ်စုံ ဝတ်ဆင်ကာ ပြပွဲလာသူပြည်သူများအား ရှင်းလင်းပြောကြားပေးနေသည့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် သွန်းနဒီဇော်နှင့် တွေ့ဆုံမေးမြန်းရာ "ပြည်သူတွေအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို သတိပြုလိုက်နာနိုင်အောင် ဝိုင်းဝန်းကူညီရှင်းပြနေတာပါ။

**တွေ့ဆုံမေးမြန်းသူ-မောင်မောင်မြင့်ဆွေ**

**ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)**

အခုဗီဒီယိုစက်လေးနဲ့အရှိန်နှုန်းမြင့်မောင်းနှင်လာတဲ့ မော်တော်ယာဉ်တွေကို ယာဉ်ထိန်းတပ်ဖွဲ့ဝင်တွေက ရိုက်ယူပြီး ပြန်လည်စစ်ဆေးတဲ့အခါ မိုင်နှုန်းဘယ်လောက်နဲ့ မောင်းနေတယ်ဆိုတာ အတိအကျ ပေါ်နေပါတယ်။ ကားနံပါတ်ပါ တွေ့မြင်ရတော့ တကယ်လို့ဖြစ်မှုကျူးလွန်အောင်မောင်းခဲ့တဲ့ မော်တော်ယာဉ်ကို အလွယ်တကူ ရှာဖွေနိုင်တာပေါ့"ဟု ရှင်းပြသည်။

## ကင်းဝေးနိုင်

ထို့အပြင် မိုင်၃၀နှုန်း မောင်းလျှင် မော်တော်ယာဉ်တစ်စီးနှင့် တစ်စီးယာဉ်သုံးစင်းခန့်ခွာမောင်းရမည်ဖြစ်သလို၊ မိုင်၄၀နှုန်းမောင်းလျှင် ကားလေးစီးခန့်နှင့် မိုင်၅၀နှုန်းမောင်းလျှင် ငါးစီးခန့် ခွာပြီးမောင်းမှသာ ယာဉ်မတော်တဆဖြစ်မှုမှ ကင်းဝေးနိုင်မည်ဖြစ်ကြောင်း သွန်းနဒီဇော်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

## ဂျစ်ကားများပြကွက်

ထို့နောက် ပြခန်းအပြင်ဘက်တွင် ရန်ကုန်ဂျစ်၊ မြန်မာဂျစ်မော်တော်ယာဉ်ထုတ်လုပ်ရေးမှ ထုတ်လုပ်ထားသော ဂျစ်ကားများပြကွက်တွင် ပါဝင်ပြသထားသော ဂျစ်ကားများနှင့်ပတ်သက်၍ ပြပွဲနှင့်မည်သို့ ဆက်စပ်ပါဝင်ပြသသည်ကို မေးမြန်းရာ တာဝန်ခံအင်ဂျင်နီယာ ဦးတင်စိုးနိုင်က "ပြည်တွင်းမှာ သတ်မှတ်ထားတဲ့စည်းကမ်းတွေနဲ့အညီ၊ စံချိန်စံညွှန်းတွေနဲ့အညီ ထုတ်လုပ်ထားတာမို့ ယာဉ်မတော်တဆ မဖြစ်ပွားနိုင်အောင် ထုတ်လုပ်ထားတဲ့ ဂျစ်ကားတွေဆိုတော့ အခုလိုပြပွဲမှာ ပါဝင်ပြသထားခြင်းဖြစ်ပါတယ်။ မော်တော်ယာဉ်ကြံ့ခိုင်မှုက မခံသလို၊ မတော်တဆဖြစ်ရပ်ကြောင့် မှန်ကွဲသွားမယ်ဆိုရင်တောင် လူကိုဘေးဒုက္ခမဖြစ်အောင် အထူးစီမံထုတ်လုပ်ထားပါတယ်။ ရန်ကုန်ဂျစ်ကို ရွှေပြည်သာ စက်မှုဇုန်မှာ ထုတ်လုပ်ပြီး မြန်မာဂျစ်ကို မော်လမြိုင်စက်မှုဇုန်မှာ ထုတ်လုပ်ပါတယ်။ အရည်အသွေးကောင်းမွန်ပြီး မောင်းနှင်ရတာလွယ်ကူတဲ့အပြင် စီးသူရော၊ မောင်းသူပါ ဘေးအန္တရာယ်ကင်းအောင် ထုတ်လုပ်ထားတာမို့ အခုလိုပွဲမှာ ပါဝင်ပြသထားခြင်းလည်း ဖြစ်ပါတယ်"ဟုပြောကြားသည်။



**ဗဟုသုတ ရပါတယ်**

**"အရင် မသိရတဲ့ လမ်းစည်းကမ်း၊ ယာဉ် စည်း ကမ်း တွေ သိရတော့ ဗဟုသုတ အများကြီး ရပါတယ်။**

[အလက(၂) ဒဂုံမှ မနန်းရွှန်းအိ]

**ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)**

## ဗဟုသုတအများကြီးရ

ပြပွဲကျင်းပရာ တပ်မတော်ခန်းမကြီးအတွင်း မိသားစုအလိုက်လေ့လာသူများ၊ ကျောင်းအလိုက်လေ့လာရေးအဖွဲ့များဖြင့် စည်ကားလျက်ရှိရာ ပြခန်းများကို စိတ်ဝင်စားစွာ ကြည့်ရှုလေ့လာနေသော ကျောင်းသူလေး တစ်ဦးကို မေးမြန်းရာ"သမီးက အလက(၂)ဒဂုံက မနန်းရွှန်းအိပါ။ ခုနစ်တန်း ကျောင်းသူဖြစ်ပါတယ်။ ဒီလိုပြပွဲကို တစ်ခါမှမရောက်ဖူးပါဘူး၊ အခုဒီပြခန်းတွေကြည့်ရတော့ လမ်းကူးရင် ဘယ်လိုကူးရမယ်၊ ယာဉ်စည်းကမ်းတွေကဘယ်လို၊ လမ်းစည်းကမ်းတွေက ဘာတွေရှိတယ်ဆိုတာ သိရတယ်။ ဗဟုသုတ အများကြီးရပါတယ်"ဟု ဖြေကြားသွားကြသည်။

## လျော့နည်းကျဆင်းရေး

မြန်မာနိုင်ငံတွင် ယာဉ်မတော်တဆဖြစ်မှု လျော့နည်းကျဆင်းရေးကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုကဲ့သို့သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးပြပွဲများ ကျင်းပခြင်းဖြင့် ပြည်သူများ အသိတရားနှင့် ဆင်ခြင်မှုတရားများ ရရှိစေသောကြောင့် တပ်မတော်ခန်းမ၌ခင်းကျင်းပြသထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲသို့ ပြည်သူများသွားရောက် ကြည့်ရှုလေ့လာသင့်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**




**ကြည့်ရှုလေ့လာ**

**Cruize in Style ပြခန်းမှ မော်တော်ယာဉ်ကိုယ်ထည် တစ်ခု ပြသထားသည်ကို ပြည်သူ များနှင့် ကျောင်းသူကျောင်းသားများ ဤသို့ ကြည့်ရှုလေ့လာခဲ့ကြသည်။**

ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)



နိုဝင်ဘာ ၃ရက်က ကြည့်မြင်တိုင်မြို့နယ် သာဓုပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသော ရွှေညဝါပညာ့ဗိမာန် သုံးထပ်ကျောင်းတော်ကြီးအတွက် နတ်စင်လမ်းအောက်ထိပ် အငှားယာဉ်ငယ်ဂိတ်နှင့် နတ်စင်လမ်းမိသားစုတို့က အလှူငွေကျပ် ၁၀သိန်းနှင့် အောင်သိန်းသစ်ဆိုင်နှင့် အောင်သိန်းဗိုလ် ကုမ္ပဏီလီမိတက်မိသားစုတို့က ငွေကျပ်သိန်း ၂၀တန်ဖိုးရှိ စာသင်ခုံအလုံး ၁၀၀ ကို သံဃာတော်များအတွက် ရွှေညဝါဆရာတော်ထံ စုပေါင်းလှူဒါန်းပြီး တွေ့ရစဉ်။ (က-ပ)

## ထန်းတပင်မြို့နယ်တွင် သက်ကြီးပူဇော်ပွဲကျင်းပ

**ထန်းတပင် အောက်တိုဘာ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင်ထန်းတပင်မြို့နယ် အစုကြီးကျေးရွာအုပ်စု ရှမ်းစုကျေးရွာဘုန်းတော်ကြီးကျောင်းတွင် (၁၃)ကြိမ်မြောက် ရတနာသုံးပါးနှင့် အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၁၄ရက် နံနက် ၉ နာရီက ကျင်းပရာ ကျေးရွာ ၁၄ရွာမှ အဘိုး၊အဘွား ၁၇၉ဦး ပူဇော်ကန်တော့ခံ တက်ရောက်ကြသည်။

အခမ်းအနားတွင် အဘိုး၊ အဘွား ၁၇၉ဦးအား အကျိုးတော်ဆောင် ဦးလှတင်နှင့်ဦးညွန့်သိန်းတို့ကငွေနှင့်ပစ္စည်းများလှူဒါန်းကြသည်။ **(အောက်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း (မူလ ကျောင်းဟောင်း)နောက် ကျောဘက်ကပ်လျက် တိုးချဲ့မြေ နှစ်ဧက ဝယ်ယူရန်အတွက် မိဘနှစ်ပါးအား ရည်စူး၍ ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အင်းစိန်လမ်း အမှတ် ၄၁(သုံးလွှာ)နေ ဦးထွန်း မောင်နှမတစ်စုနှင့် နှစ်ဖက်သောမိဘများအား အမှူးထား၍ မောင်ဇော်ထွန်း-မဝင်းပပကို၊ သား မောင်အောင်ခန့်ဇော်၊ သမီး မသက်ယွန်းသံသာမိသားစုက အလှူငွေကျပ် တစ်သိန်းငါးသောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့်အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ကုသလ(M.A) ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)



## မော်လမြိုင်ကျွန်း ရေယာဉ်ပိုင်ရှင်အသင်း ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် ဆီမီးမျှောပွဲကျင်းပ

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၇**

မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မြို့နယ်ရေယာဉ်ပိုင်ရှင်အသင်းက ကြီးမှူး၍ အဌမအကြိမ်မြောက် အတုလသကျနန္ဒာပြည်တော်ဇမြို့ဦးစေတီနှင့် ရှင်ဥပဂုတ္တ အရှင်သူမြတ်အား ဆွမ်းတော်ကြီး ကပ်လှူပွဲ၊ ဆီမီး ၇၀၀၀ မီးမျှောပူဇော်ပွဲနှင့် အထူးဆွမ်းလောင်းပွဲကို နိုဝင်ဘာ ၃ ရက်မှ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ကြည့်ရှု**

အဆိုပါ ဆီမီး ၇၀၀၀ မီးမျှောပူဇော်ပွဲသို့ မြို့နယ်ဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ လာရောက်အားပေးကြည့်ရှုကြပြီး မြို့နယ်ရေယာဉ်ပိုင်ရှင်အသင်းဥက္ကဋ္ဌ ဦးနီ၊ အမှုဆောင်ဦးစောလှိုင်၊ ဦးမြင့်လွင်နှင့် လုပ်ငန်းခွဲအဖွဲ့ဝင်များ၏ ကြီးကြပ်စီစဉ်မှုဖြင့် နိုဝင်ဘာ ၄ ရက်ည ၇ နာရီက တုံးလုံချောင်းမြစ်အတွင်း ရေစုန်မြစ်လမ်းကြောင်းအတိုင်း ဆီမီး ၇၀၀၀ မီးမျှောပူဇော်ပွဲကျင်းပရာ မြို့နယ်အတွင်းနှင့် အနယ်နယ် အရပ်ရပ်မှ ပြည်သူများ မြို့မ ၁၅ လမ်းမကြီးတစ်လျှောက် ကြိတ်ကြိတ်တိုး အားပေးကြည့်ရှုကြသည်။

လာမည့်နှစ်တွင် ဆွမ်းတော်ကြီးကပ်လှူပွဲ၊ မီးမျှောပူဇော်ပွဲနှင့် အထူးဆွမ်းလောင်းပွဲများအပြင် ဖိတ်ခေါ် လှေလှော်ပြိုင်ပွဲနှင့် ဖိတ်ခေါ်စက်လှေပြိုင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၉၇)**



## မောင်းထောင့်စေတီတော် ဌာပနာသွင်းပူဇော်မည်

**တောင်ကုတ် နိုဝင်ဘာ ၉**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် တန်းလွဲချောင်း ရွာမစံပြကျေးရွာအနီးရှိ မောင်းထောင့်တောင်ပေါ်တွင် ရှေးဟောင်းရုပ်ပွားတော် သီတင်းသုံးသည့် ဂန္ဓကုဋိတိုက်ပေါ်၌ ဉာဏ်တော် ၂၄ ပေရှိ စေတီတော်ကို အသစ်တစ်ဖန် ပြန်လည်တည်ထားခဲ့ရာ (၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၃ ရက်) နိုဝင်ဘာ ၁၇ ရက်တွင် ဌာပနာသွင်းပိတ် ပူဇော်ပွဲကျင်းပပြီး (တပို့တွဲလပြည့်) ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် ရွှေထီးတော်တင်လှူပွဲကို လှေပြိုင်ပွဲ၊ ဇာတ်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ပူဇော်ပွဲကျင်းပသွားမည်ဖြစ်ရာ အလှူရှင်များ ကြည်ညိုနိုင်ကြောင်းနှင့် အလှူငွေများကို ရွာမဆရာတော်ဘဒ္ဒန္တကောဝိဒနှင့် ဂေါပကအဖွဲ့ထံသို့လည်းကောင်း၊ ရွှေပြည်သာမြို့ အောင်ဆန်းတောရပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တသုဇာတ (အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ဖုန်း-၆၁၀၀၅၇ ထံသို့လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

## မူကြိုကလေးများ အာဟာရပြည့်ဝအစားအစာ သရုပ်ပြချက်ပြုတ်ပြိုင်ပွဲ ဖားကန့်၌ကျင်းပ

**ဖားကန့် နိုဝင်ဘာ ၂**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မူကြိုအရွယ် ကလေးများအတွက် အာဟာရပြည့်ဝသည့် အစားအစာ သရုပ်ပြချက်ပြုတ်ပြိုင်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီက အသင်းရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်စိုး၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဆရာမကြီး ဒေါ်ခင်နှင်းယု၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌဒေါ်နီနီအောင်၊ ဒေါက်တာခင်လင်းမော်တို့က (ဒိုင်) အဖြစ် ဆောင်ရွက်ကြပြီး ရပ်ကွက်၊ ကျေးရွာခုနစ်ခုမှ ပြိုင်ပွဲဝင်အဖွဲ့ငါးဖွဲ့နှင့် အသင်းဝင်များ တက်ရောက်ကြသည်။



ပြိုင်ပွဲတွင်နမ္မဖြစ်ကျေးရွာကိုယ်စားပြု ဂန့်ဂေါ်အဖွဲ့၊ အေးမြသာယာ မြို့မကိုယ်စားပြု ခွါညိုအဖွဲ့၊ မရှိကထောင်ရပ်ကွက် ကိုယ်စားပြု စပယ်အဖွဲ့၊ ငှက်ပျောတောရပ်ကွက် ကိုယ်စားပြု သဇင်အဖွဲ့၊ လုံးခင်းကျေးရွာ ကိုယ်စားပြု နှင်းဆီအဖွဲ့များက ပါဝင် ယှဉ်ပြိုင်ကြရာ နမ္မဖြစ်ကျေးရွာ ဂန့်ဂေါ်အဖွဲ့က ပထမဆု**(ဝဲပုံ)**၊ အေးမြသာယာမြို့မကိုယ်စားပြု ခွါညိုအဖွဲ့က ဒုတိယဆုနှင့်မရှိကထောင်ရပ်ကွက်ကိုယ်စားပြု စပယ်အဖွဲ့က တတိယဆုများ ရရှိကြရာ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(က-ပ)**



ပုဇွန်တောင်မြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၅-၂၀၀၆ ခုနှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၉ ရက်က အနော်ရထာခန်းမ၌ ကျင်းပရာ တက္ကသိုလ်ဝင်စာမေးပွဲ၌ ငါးဘာသာဂုဏ်ထူးရှင် မောင်ရဲဝင့်အောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ရွှေညွန့်က ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ပညာရေး)

**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန**

**(အောက်မြန်မာပြည်)**

**ရန်ကုန်အဝေးသင်တက္ကသိုလ်**

### e- Education Learning Centre

**သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်**

**(တနင်္လာမှ သောကြာ) မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ**

**(စနေ၊ တနင်္ဂနွေ) နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ**

**၁၃-၁၁-၂၀၀၆ (တနင်္လာနေ့)**

- ❑ Environmental Engineering
  - Postgraduate Students (M.Sc) of Multidisciplinary Courses
- ❑ Pali Alphabet
  - ပထမနှစ် အရှေ့တိုင်းပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဒဿနိကဗေဒ အထူးပြု ကျောင်းသား ကျောင်းသူများ

**၁၅-၁၁-၂၀၀၆ (ဗုဒ္ဓဟူးနေ့)**

- ❑ Work of Art and Philosophy of Art
  - နောက်ဆုံးနှစ် ဒဿနိကဗေဒနှင့် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ နောင်ရိုးတိုက်ပွဲ
  - ပထမနှစ် မြန်မာစာအထူးပြု ကျောင်းသား ကျောင်းသူများ

**၁၆-၁၁-၂၀၀၆ (ကြာသပတေးနေ့)**

- ❑ Cell Division
  - ပထမနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ
- ❑ Respiration
  - ပထမနှစ် သတ္တဗေဒအထူးပြု ကျောင်းသား ကျောင်းသူများ

**၁၇-၁၁-၂၀၀၆ (သောကြာနေ့)**

- ❑ ပုဂံမြို့ဟောင်းနှင့်ကျွန်တော် စာတမ်းငယ်လေ့လာချက်
  - ပထမနှစ် အထူးပြုအားလုံး၊ မဟာဝိဇ္ဇာအရည်အချင်းစစ်နှင့် မဟာဝိဇ္ဇာ(မြန်မာစာ)အထူးပြု
- ❑ ပုဂံခေတ်ကျောက်စာများတွင် ထင်ဟပ်နေသော ပုဂံခေတ်အမျိုးသမီးများ
  - ပထမနှစ်မှ မဟာဝိဇ္ဇာတန်းအထိ အရည်အချင်းစစ်နှင့် မဟာဝိဇ္ဇာ (မြန်မာစာအထူးပြု)နှင့် အများပြည်သူများ

**၁၈-၁၁-၂၀၀၆(စနေနေ့)**

- ❑ Introduction to Legal Studies I
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ The Legal Profession
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ Introduction to Legal Studies II
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ The Nature and Meaning of Law
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ Classification of Law
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ Methods of Studying Law
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ The State
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ Country Profile of Myanmar Naing Ngan
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ Judicial System in Myanmar
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ Major Legal Systems
  - ပထမနှစ် ဥပဒေပညာအထူးပြု
- ❑ French Bourgeoisie Revolution
  - ပထမနှစ် ဝိဇ္ဇာအားလုံး၊ ဥပဒေ၊ ရသ အထူးပြု

**၁၉-၁၁-၂၀၀၆ (တနင်္ဂနွေနေ့)**

- ❑ Economic Construction after the October Revolution
  - ဒုတိယနှစ် သမိုင်းအထူးပြု
- ❑ USA at the Beginning of the 20th Century Emergence As a Power
  - ဒုတိယနှစ် သမိုင်းအထူးပြု
- ❑ Post War USA
  - ဒုတိယနှစ် သမိုင်းအထူးပြု
- ❑ Modern USA
  - ဒုတိယနှစ် သမိုင်းအထူးပြု
- ❑ Early Kingdoms
  - ဒုတိယနှစ် သမိုင်းအထူးပြု
- ❑ USA and World War I
  - ဒုတိယနှစ် သမိုင်းအထူးပြု
- ❑ USSR and World War II
  - ဒုတိယနှစ် သမိုင်းအထူးပြု
- ❑ Classification of Constitution
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု
- ❑ Military Law
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု
- ❑ Conflict of Law
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု
- ❑ Immunities
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု
- ❑ Maritime Liens
  - စတုတ္ထနှစ် ဥပဒေပညာအထူးပြု

# ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းအချို့၏ ပကတိအခြေအနေမှန်ကို မျက်ကွယ်ပြု ပြောဆိုလုပ်ဆောင်မှုများ အာဃာတစိတ်၊ အတ္တစိတ်ဖြင့် အများသူငါ လုပ်ဆောင်လေ့ရှိမှုများအပေါ် လိုရာဆွဲ ပြောဆိုမှုများသည် အကျိုးမဲ့သည့် အမျိုးသားအကျိုးစီးပွားကို ဆန့်ကျင်နေသော အဖျက်လုပ်ရပ်များသာဖြစ် စေတနာမမှန်သော လုပ်ရပ်များကို ပြည်သူ့စွမ်းအား စည်းလုံးမှုအားတို့ဖြင့် တိုက်ဖျက်



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) ပထမနေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူးဦးဌေးဦး ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

(သတင်းစဉ်)

**နေပြည်တော် နိုဝင်ဘာ ၁၀**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို နိုဝင်ဘာ ၅ ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ ပထမနေ့အဖြစ် စတင်ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး တက်ရောက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်နှင့်တိုင်းအသင်းများမှ ကိုယ်စားလှယ်များက တစ်နှစ်တာအတွင်း ရှေ့လုပ်ငန်းစဉ် အကောင်အထည်ဖော်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**တက်ရောက်**

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး၊ အတွင်းရေးမှူးများနှင့် ဗဟိုအလုပ်အမှုဆောင်များနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်နှင့် မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အဆင့်ဆင့်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) ပထမနေ့တွင် သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော်နှင့် ဗဟိုအလုပ်အမှုဆောင် ဦးသိန်းညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် တနင်္သာရီတိုင်း မြိတ်ခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးမင်းကလည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ပဲခူးတိုင်း(အရှေ့)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်လင်းလင်းသန့်ကလည်းကောင်း ဆောင်ရွက်ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ ●**



နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရာတွင် အယူအဆများ၊ ဝါဒများ၊ လမ်းစဉ်များတူညီမှုမရှိကြသည့် အခြေအနေမျိုးနှင့်လည်းကြုံတွေ့နိုင်၊ ဤကဲ့သို့ အခြေအနေမျိုးတွင် အယူအဆတူသူ၊ ဝါဒတူသူ၊ လမ်းစဉ်တူသူများစုစည်းရာတွင် နိုင်ငံရေးပါတီများ ပေါ်ပေါက်လာလေ့ရှိ၊ ဝါဒသဘောထားမတူကြသည့် ပါတီအဖွဲ့အစည်းများ အချင်းချင်းအားပြိုင်မှုများလည်း ဖြစ်ပေါ်လာကြမြဲဖြစ်၊ အချို့သော လူပုဂ္ဂိုလ်၊ ပါတီအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည့်အစား နိုင်ငံရေးအာဏာမရရှိပါက ၎င်းတို့၏မူဝါဒ၊ လမ်းစဉ်များကို နိုင်ငံတော်တွင် ကျင့်သုံးအကောင်အထည်ဖော်နိုင်မည်မဟုတ်ဟု ယူဆပြီး နိုင်ငံရေးအာဏာရရှိရေးအတွက် ဦးတည်ကြိုးပမ်းမှုများပြုလာခဲ့ကြရာမှ နိုင်ငံရေးအာဏာရရှိရေးသည် အဓိကအကျိုးစီးပွားအဖြစ် ပြောင်းလဲလာခဲ့၊ အချို့သော အဖွဲ့အစည်းများက မိမိအာဏာရရှိရေးအတွက် နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုပင် ပစ်ပယ်မျက်ကွယ်ပြုမှုများ လုပ်ဆောင်မိနေကြသည်ကို တွေ့ကြရမည်။